မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ တော်သလင်းလဆန်း ၈ ရက်၊ ၂၀၁၁ ခုနှစ်၊ စက်တင်ဘာ ၅ ရက်၊ တနင်္လာနေ့၊ အတွဲ (၅၀)၊ အမှတ် (၁၃၄)

ဒို့တာဝန်အရေး(၃)ပါး

- ❖ ပြည်ထောင်စု မပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း ဦးဆောင်သော လွှတ်တော်ကိုယ်စားလှယ်များ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် အောင်သုခကျေးရွာအနီး ခေတ်မီလယ်ယာမြေ (၂၀) ဟက်တာ ဖော်ထုတ်နေသော ဧက(၅၀) စိုက်ခင်း၌ ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

ဆန်စပါးပိုလျှံပြီး နိုင်ငံတော်၏ ဆန်စပါးဈေးကွက်နှင့် နိုင်ငံခြားဝင်ငွေ ရှာဖွေနိုင်ရေး

စပ်မျိုးစပါး နည်းပညာဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်ကြရန် အချိန်ကျရောက်ပြီ

နေပြည်တော် စက်တင်ဘာ ၄

ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးသို့ တက်ရောက်လာကြသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၇၉ ဦးနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လွှတ်တော်ဥက္ကဋ္ဌများသည် အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း ဦးဆောင်လျက် ယနေ့နံနက် ၈ နာရီတွင် နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ညောင်ပင်ကြီးစုကျေးရွာရှိ ခေတ်မီစံပြစက်မှုလယ်ယာ ဧက (၅၀၀) စိုက်ပျိုးရေးဇုန်သို့ ရောက်ရှိကြရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး စိုက်ကွင်းဆိုင်ရာအချက်အလက်များကို ရှင်းလင်းပြောကြားကြသည်။

လေ့ကျင့်ပညာပေးစခန်း

ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်သမ္မတကြီးကိုယ်တိုင် ဦးစီးခေါင်းဆောင်ပြီး နိုင်ငံအဝန်း ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးအတွက် အမျိုးသားရေးလုပ်ငန်းတာဝန်အဖြစ် အကောင်အထည်ဖော်ရာတွင် (၇၀)ရာခိုင်နှုန်းသော ကျေးလက်နေပြည်သူများအား ကိုယ်စားပြုသည့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်း အကောင်အထည်ဖော်ရာ၌ လေ့ကျင့်ရေးပညာပေးရေးတာဝန်(Training and Education)သည် အဓိကကျသောအခန်းကဏ္ဍမှ ပါဝင်ကြောင်း၊ ဤနေရာသည် နိုင်ငံတော်သမ္မတကိုယ်တိုင် အနီးကပ်ကြီးကြပ်လမ်းညွှန်ချက်နှင့်အညီ ရွှေ့ပြေးအကောင်အထည်ဖော်ဆောင်ရွက်ထားသော တောင်သူပညာပေးစိုက်ကွင်းနှင့် လေ့ကျင့်ပညာပေးစခန်းကြီးဖြစ်ကြောင်း၊ ထို့အပြင် ပညာရှင်များ၊ တာဝန်ရှိသူ အရာထမ်း၊ အမှုထမ်းများ၊ သုတေသနကျွမ်းကျင် ပညာရှင်များအားလုံး စုဝေးရောက်ရှိရာ၊ အသိပညာချင်းဖလှယ်ရာ လေ့ကျင့်ပညာပေးစခန်း ပေါင်းစပ်ညှိနှိုင်းရာနေရာလည်း ဖြစ်ပါကြောင်း။

ဤစိုက်ကွင်းအတွင်း သိပ္ပံနည်းကျစိုက်နည်းစနစ် (၁၄)ချက်နှင့်အညီ စိုက်ပျိုးထားရှိသော အထူးအထွက်တိုးစပါးခင်းကြီးများ၊ သိပ္ပံနည်းကျစိုက်နည်းစနစ်ဖြင့် စိုက်ပျိုးထားရှိသည့် တန်(၆၀)ထွက်ရှိသော ကြံခင်းကြီးများအား တွေ့ရှိရမည်ဖြစ်ပါကြောင်း၊ ထို့အပြင် စိုက်ပျိုးရေးနှင့် မွေးမြူရေးပေါင်းစည်းလယ်ယာစနစ်ဖြင့် တောင်သူပညာပေးတစ်ပိုင်တစ်နိုင် နို့စားနွား၊ ခိုင်းနွား၊ ကျွဲ၊ ဝက်၊ ကြက်၊ ဘဲ၊ တီကောင်များအား မွေးမြူထားသည်ကိုလည်း လေ့လာကြရမည်ဖြစ်ပါကြောင်း။

စာမျက်နှာ ၃ ကော်လံ ၁ ❒

မြန်မာ့အလင်း ယနေ့ ဖတ်စရာ၊ မှတ်စရာ

မြန်မာဆန်သည့် မြန်မာအမျိုးသမီးဝတ်စုံ ဒီဇိုင်းပြပွဲ။ (စာ-၇)

မိုဘိုင်းဖုန်းတွေ ဝယ်ကြမလား၊ ဒါတွေသိထားဖို့လိုပါသည်။ (စာ-၆)



ဧရာဝတီတိုင်းဒေသကြီးရှိ ပေါင်းဆန်စက်ရုံ သုံးရုံမှ ထုတ်လုပ်သော ပေါင်းဆန်များ ရုရှားဈေးကွက်သို့ တင်ပို့။ (စာ-၆)

ပုဂံဒေသ မြန်မာ့လက်မှု အနုပညာလုပ်ငန်းများ အသေးစားချေးငွေများကြောင့် တိုးတက်လာနိုင်။ (စာ-၆)

ကိတ် ဝင်း စ လက် နှင့် အင်တာဗျူး။ (စာ-၇)

ဧရာဝတီနှင့် စစ်တောင်းမြစ်ရေအခြေအနေ

နေပြည်တော် စက်တင်ဘာ ၄

ဧရာဝတီမြစ်ရေသည် ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ဟင်္သာတမြို့တွင် ၁၃၆၉ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၂၇ စင်တီမီတာ (၀ ဒသမ ၉ ပေခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့ မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၃၄၂ စင်တီမီတာအောက်သို့ ကျဆင်းနိုင်သည်။

ဧရာဝတီမြစ်ရေသည် ယနေ့တိုင်းထွာချက်အရ ဇလွန်မြို့တွင် ၁၁၈၇ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၂၇ စင်တီမီတာ(၀ ဒသမ ၉-ပေခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၁၆၀ စင်တီမီတာအောက်သို့ ကျဆင်းနိုင်သည်။

စစ်တောင်းမြစ်ရေသည် ယနေ့တိုင်းထွာချက်အရ တောင်ငူမြို့တွင် ၆၄၆ စင်တီမီတာသို့ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၄၆ စင်တီမီတာ(၁ပေခွဲခန့်)ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၆၀၀ စင်တီမီတာအထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၁ ခုနှစ် စက်တင်ဘာ ၅ ရက်)

အဖိုးတန်ပရဆေးပင်များရေရှည်တည်တံ့ရေး ထိန်းသိမ်းစောင့်ရှောက်

မြန်မာ့တိုင်းရင်းဆေးပညာသည် မြန်မာ့သမိုင်းစဉ်တစ်လျှောက် မြန်မာ့ယဉ်ကျေးမှုရိုးရာအမွေအနှစ် ဓလေ့ထုံးတမ်းအစဉ်အလာများနှင့်အညီ အခြေခိုင်မာစွာ ဖြစ်ထွန်းတည်တံ့ခဲ့သော တန်ဖိုးမဖြတ်နိုင်သည့် ထီးနန်းသုံး တော်ဝင်ဆေးပညာတစ်ရပ်ဖြစ်သည်။

မြန်မာလူမျိုးတို့သည် အနောက်တိုင်းဆေးမပေါ်မီကတည်းကပင် ခေတ်အဆက်ဆက်မြန်မာ့တိုင်းရင်းဆေးပညာဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးအတွက် ကုန်ကြမ်းရရှိရန် ပရဆေးပင်များစိုက်ပျိုးခြင်းနှင့် ပရဆေးပင်များ ထိန်းသိမ်းစောင့်ရှောက်ခြင်းလုပ်ငန်းကို ပရဆေးပျိုးဥယျာဉ်များ တည်ထောင်ဆောင်ရွက်လျက်ရှိသည်။

နေပြည်တော်အမျိုးသားပရဆေးဥယျာဉ်ကြီးကို နိုင်ငံတကာအဆင့်မီ ပရဆေးဥယျာဉ်ကြီးအဖြစ် ဖွင့်လှစ်ထားပြီး ယင်းအမျိုးသားပရဆေးဥယျာဉ်ကြီးအတွင်းတွင် မြန်မာနိုင်ငံဒေသမျိုးစုံ၌ ပေါက်ရောက်သော အစွမ်းထက် ရှားပါးပရဆေးပင်မျိုးစုံကို စုစည်းတွေ့မြင်နိုင်သည်။ အပင်ကြီး၊ အပင်ငယ်၊ ရှားပါးသော ဆေးဖက်ဝင်အပင်များစွာ စိုက်ပျိုးပေါက်ရောက်လျက်ရှိသည်။

တိုင်းရင်းဆေးဝါး အရည်အသွေးကောင်းမွန်မှု ရှိမရှိ သုတေသနပြု ဓာတ်ခွဲပေးခြင်းလုပ်ငန်း၊ မြန်မာ့တိုင်းရင်းဆေးဝါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် ရှေးဟောင်းဆေးကျမ်း ပေပုရပိုက်များ စုဆောင်းထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများကိုလည်း စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံအတွင်း သဘာဝအလျောက် ပေါများစွာဖြစ်ထွန်းတည်ရှိနေသော သဘာဝသယံဇာတအရင်းအမြစ်များဖြစ်သည့် အဖိုးတန်ပရဆေးပင်များ၊ ရေထွက်၊ မြေထွက်နှင့် တိရစ္ဆာန်ထွက် ဆေးဖက်ဝင်ပစ္စည်းများကို တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးအတွက် ဆေးဝါးများအဖြစ် ဖော်ထုတ်သုံးစွဲလျက်ရှိရာ ယင်းသဘာဝအရင်းအမြစ်များ မျိုးသုဉ်းပျောက်ကွယ်ခြင်းမရှိစေရန် တားဆီးကာကွယ်ကြရမည်ဖြစ်သည်။

မြန်မာ့တိုင်းရင်းဆေးပညာရပ်များ ပိုမိုတိုးတက်ရေးအတွက် သုတေသနပြုလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်ခြင်း၊ တိုင်းရင်းဆေးများကို လက်တွေ့စမ်းသပ်ပြုလုပ်ပြီး အများပြည်သူ ပိုမိုယုံကြည်စိတ်ချစွာ အသုံးပြုနိုင်ရေးကို ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံရှိ ပရဆေးပင်များ၊ ရှားပါးအပင်များသည် တန်ဖိုးမဖြတ်နိုင်သည့် တိုင်းရင်းဆေးပင်များဖြစ်၍ ရေရှည်တည်တံ့ရေးကို ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန်နှင့် တိုင်းရင်းဆေးပညာ၏ ကြွယ်ဝပြည့်စုံသော မူလအဆီအနှစ်များကို ခေတ်မီသိပ္ပံနည်းပညာရပ်များနှင့် ပေါင်းစပ်၍ သုတေသနပြု ဖော်ထုတ်ကာ နိုင်ငံတကာသို့ ထိုးဖောက်နိုင်ရန် ကြိုးပမ်းစွမ်းဆောင်ကြရန်ဖြစ်ပါကြောင်း တိုက်တွန်းရေးသား လိုက်ရပါသည်။ ။

စပါးခင်းများနှင့် သဘာဝကွင်းများအတွင်း မြစ်သားမြို့နယ်၌ ငါးရှဉ့်မျိုးများစိုက်ထည့်

ကျောက်ဆည် စက်တင်ဘာ ၄

ကျောက်ဆည်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနက ဦးဆောင်၍ မြစ်သားမြို့နယ်တွင် တတိယအကြိမ်မြောက် စပါးခင်းများနှင့် သဘာဝကွင်းများအတွင်းသို့ ငါးရှဉ့်မျိုးစိုက်ထည့်ပွဲအခမ်းအနားကို လက်ပန်ဆိပ်ကျေးရွာအုပ်စု၌ ဩဂုတ် ၂၅ ရက် နံနက် ၉ နာရီက ကျင်းပသည်။

အခမ်းအနားတွင် ကျောက်ဆည်ခရိုင်အုပ်ချုပ်ရေးမှူး ဦးအုန်းသန်း၊ ကျောက်ဆည်ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးသက်အေးနှင့် ဝန်ထမ်းများ၊ မြစ်သားမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသန်းနှင့်ဒေသခံတောင်သူများက ငါးရှဉ့်ကောင်ရေ ၈၂၀၀ ကို စပါးခင်းများအတွင်းသို့ မျိုးစိုက်ထည့်ပေးခဲ့ကြသည်။ **(အောက်ပုံ)**

ကျောက်ဆည်ခရိုင်ငါးလုပ်ငန်းဦးစီးဌာနက ယနေ့အထိ ခရိုင်အတွင်းရှိ မြို့နယ်များတွင် ငါးရှဉ့်ကောင်ရေ ၆၁၈၀၀၊ ငါးမျိုးငါးသန်ကောင်ရေ ၁၉ သိန်းနှင့် ငါးမှန်ကြီးကောင်ရေ ၅၄ သိန်းတို့ကို သဘာဝရေလျှံကွင်းနှင့် ဆည်တမံများအတွင်းသို့ မျိုးစိုက်ထည့်ပေးခဲ့ပြီးဖြစ်ကြောင်း သိရှိရသည်။ (၄၁၀)

မိုးကိုရှောင်သည့် ရန်ကုန်ဇာတ်အဖွဲ့များ မကြာမီ ရန်ကုန်ပြန်ဆင်းမည်

ရန်ကုန် စက်တင်ဘာ ၄

မြန်မာနိုင်ငံအောက်ပိုင်းဒေသများ၌ မိုးရာသီတွင် မိုးရွာသွန်းမှုပိုမိုသဖြင့် ရန်ကုန်မြို့ရှိ ဇာတ်အဖွဲ့ကြီးများသည် မိုးခိုသည့်အနေဖြင့် မြန်မာနိုင်ငံအထက်ပိုင်းဒေသများသို့ သွားရောက်ကပြလျက်ရှိကြသည်။

ယင်းဇာတ်အဖွဲ့များမှာ ဖိုးချစ်၊ ဟန်ဇာမိုးဝင်း၊ စွမ်းဇာနည်၊ ချမ်းသာ(ရွှေမန်းသဘင်)၊ အာဇာနည် စန်းစန်း(ဆပ်ကပ်) စသည့် ဇာတ်အဖွဲ့များဖြစ်သည်။ ပြီးခဲ့သည့် ကဆုန်လခန့်မှစ၍ မြန်မာနိုင်ငံအထက်ပိုင်းသို့ သွားရောက်ကပြနေရာ လာမည့် သီတင်းကျွတ်နှင့် တန်ဆောင်မုန်းလတို့တွင် မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးများရှိမြို့များ၌ လှည့်လည်ကပြပြီး မိုးလွတ်ကင်းသည့် တန်ဆောင်မုန်းလကုန်နှင့် နတ်တော်လတို့တွင် ရန်ကုန်မြို့သို့ ပြန်လည်ဝင်ရောက်ကပြကြမည်ဖြစ်ကြောင်း သိရှိရသည်။ ဇာတ်အချို့မှာ ပြည်ပနိုင်ငံသို့ သွားရောက်ကပြလျက်ရှိကြပြီး အလယ်အလတ်အဆင့်ရှိ ဇာတ်အချို့မှာ မိုးအကုန်တွင် ပွဲဝင်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင် လေ့ကျင့်လျက်ရှိကြောင်း သိရှိရသည်။ **ညွှန့်သန်း (သတင်းစဉ်)**

ပုသိမ်မြို့ ဝဲဒေါင့်ဆိပ်ကမ်းမှ ပြည်ပသို့ ဆန်တင်ပို့ အခြားဒေသထွက်ကုန်များကိုပါ ဆက်လက်တင်ပို့မည်

နေပြည်တော် စက်တင်ဘာ ၄

ဧရာဝတီတိုင်းဒေသကြီးတွင် ရေလုပ်ငန်းသည် ဆန်စပါးလုပ်ငန်းပြီးလျှင် အရေးပါသော ကုန်ထုတ်လုပ်ငန်းဖြစ်သည်။ ထို့ကြောင့် ရေလုပ်ငန်းနှင့်အင်းလုပ်ငန်းလုပ်ကိုင်သော လုပ်ငန်းရှင်များအား သက်ဆိုင်ရာမူဝါဒများချမှတ်နိုင်ရန်နှင့် သားငါးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်သည် စက်တင်ဘာ ၂ ရက် မွန်းလွဲ ၁ နာရီခွဲက ပုသိမ်မြို့ ဧရာရွှေဝါခန်းမ၌ ကျင်းပသော တိုင်းဒေသကြီးအတွင်းရှိ ရေလုပ်ငန်းရှင်များနှင့် တွေ့ဆုံညှိနှိုင်းစည်းဝေးသည်။

တွေ့ဆုံစည်းဝေးရာ၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က တိုင်းဒေသကြီးအစိုးရအနေဖြင့် ရေလုပ်ငန်း အမှန်တကယ် လုပ်ကိုင်ဆောင်ရွက်သူများကိုသာ လုပ်ကိုင်ခွင့်ရရှိအောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ရေလုပ်ငန်းရှင်များအနေဖြင့် သားငါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ပဈေးကွက်ပါရရှိအောင် ကြိုးစားဆောင်ရွက်သွားကြရန်လိုကြောင်း၊ ယခုအခါ ဝဲဒေါင့်ဆိပ်ကမ်းမှပြည်ပသို့ ဆန်များစတင်တင်ပို့နေပြီဖြစ်သဖြင့် အခြားဒေသထွက်ကုန်ပစ္စည်းများကိုလည်း ဆက်လက်တင်ပို့နိုင်အောင် ဆောင်ရွက်နေကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန ဝန်ကြီး ဦးတင်စိုး၊ တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန တိုင်းဦးစီးမှူး ဦးကျော်မင်းနှင့် တိုင်းဒေသကြီးအခွန်ဦးစီးဌာန တိုင်းဦးစီးမှူး သူရဦးထင်ကျော်မိုးတို့က အင်းလုပ်ငန်း၊ ရေချိုရေငန်ငါးဖမ်းလုပ်ငန်းနှင့် အခွန်ကောက်ခံခြင်းဆိုင်ရာများကို ရှင်းလင်းတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဖန်းမောက်မြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲ ကျင်းပ

ဖန်းမောက် စက်တင်ဘာ ၄

ကသာခရိုင် ဖန်းမောက်မြို့၌ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲအခမ်းအနားကို ဩဂုတ် ၁၅ ရက် မွန်းတည့် ၁၂ နာရီက မြို့နယ် အထက ဇလွန်ဆောင်ခန်းမ၌ ကျင်းပရာ ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးတင်ဝင်းက အမှာစကားပြောကြားပြီး ကျောင်းသားကျောင်းသူ ၂၀ အား နိုင်ငံသားစိစစ်ရေးကတ်ပြားများကို တစ်ဦးချင်းပေးအပ်သည်။

ဆက်လက်၍ ကျန်ရှိသည့်နိုင်ငံသားစိစစ်ရေးကတ်ပြားများကို မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်မင်းသိန်းက ပေးအပ်ရာ မြို့နယ်ပညာရေးမှူး ဒေါ်အုန်းကြည်က လက်ခံယူခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

မိုးစပါးအထွက်နှုန်းတိုးတက်ရေး ဆွေးနွေး

မော်လမြိုင်ကျွန်း စက်တင်ဘာ ၄

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် မော်လမြိုင်ကျွန်းမြို့နယ်တွင် မိုးစပါးမြေပြင်အမှန် စိုက်ဧကနှင့် တောင်သူဦးရေ စာရင်းများ ကောက်ယူလျက်ရှိရာ ဩဂုတ် ၂၃ ရက် နံနက် ၉ နာရီက လပွတ္တာခရိုင် မြေစာရင်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းဇော်နှင့် အဖွဲ့သည် မော်လမြိုင်ကျွန်းမြို့နယ် နွားရေကျော်ညောင်လန်းကျေးရွာအုပ်စု ကညင်ခဲကျေးရွာသို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် စိုက်ဧကမှန်ကန်ရေးနှင့် အထွက်နှုန်းတိုးတက်ရေးလုပ်ငန်းများ ရှင်းလင်းဆွေးနွေးပွဲကို နံနက် ၁၀ နာရီက ကညင်ခဲကျေးရွာရှိ ရာဇူဒိုင်တံတားအမှတ်(၁) ခန်းမ၌ ဆက်လက်ကျင်းပရာ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် နွားရေကျော်ချောင်း၀၊ ကညင်ခဲ၊ ညောင်တုန်းစုနှင့် ကညင်တပင်ကျေးရွာများမှ ဒေသခံတောင်သူများတက်ရောက်ကြပြီး လပွတ္တာခရိုင် မြေစာရင်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းဇော်က အထွက်နှုန်းတိုးတက်မြင့်မားရေးနှင့် စိုက်ဧက မှန်ကန်ရေးလုပ်ငန်းများကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရှိရသည်။ (ဝ၆၅)

လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး မှော်ဘီမြို့နယ်၌ မြေစိုက်ပိုစတာစိုက်ထူ

ရန်ကုန် စက်တင်ဘာ ၄

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်အတွင်းရှိ ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးအတွက် အသိပညာပေး မြေစိုက်ပိုစတာ စိုက်ထူခြင်း အခမ်းအနားကို ဩဂုတ် ၃၁ ရက် နံနက် ၁၀ နာရီက ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့၊ မှော်ဘီမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းကိုနှင့်ဝန်ထမ်းများသည် တပ်ကြီးကုန်းကျေးရွာ လမ်းဆုံ၌ လည်းကောင်း **(ဝဲပုံ)**၊ မှော်ဘီမြို့မဈေးရှေ့နှင့် အစိုးရနည်းပညာတက္ကသိုလ်အနီးတို့၌ လည်းကောင်း စုပေါင်းစိုက်ထူခဲ့ကြကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

မော်လမြိုင်မြို့ အမှတ်(၈)အထက ပညာရည်ချွန် ဆုပေးပွဲကျင်းပ

မော်လမြိုင် စက်တင်ဘာ ၄

မွန်ပြည်နယ် မော်လမြိုင်မြို့ အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်း (၂၀၁၀- ၂၀၁၁) ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို အထက(၈)ယင်းမာခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် ၂၀၁၁-၂၀၁၂ ခုနှစ်အတွက် မိဘဆရာအသင်းအမှုဆောင်သစ်များကို ရွေးချယ်ရာ နာယက သုံးဦး၊ ဥက္ကဋ္ဌအဖြစ် ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်ကြူ အပါအဝင် အမှုဆောင် ၁၇ ဦးတို့ကို ရွေးချယ်ခဲ့သည်။

ဆက်လက်၍ ၂၀၁၁ခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲတွင် အထက(၈)မှ ခြောက်ဘာသာ ဂုဏ်ထူးရှင် မလွင်လွင်ဦး **(အောက်ပုံ)**၊ ငါးဘာသာ ဂုဏ်ထူးရှင် တစ်ဦး၊ လေးဘာသာ ဂုဏ်ထူးရှင် ကိုးဦး၊ သုံးဘာသာ ဂုဏ်ထူးရှင်၁၃ဦး၊ နှစ်ဘာသာ ဂုဏ်ထူးရှင် ၁၃ဦး၊ တစ်ဘာသာ ဂုဏ်ထူးရှင် ၁၀ဦးတို့အား ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်ကြူက လည်းကောင်း၊ အဆင့်လိုက် ဆုရကျောင်းသူများနှင့် ထူးချွန်အောင်သင်ကြားပေးသော ဆရာမ ၅၅ဦးတို့အား မိဘဆရာအသင်း အမှုဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးမြင့်သိန်းက လည်းကောင်း ဆုများချီးမြှင့်ပေးအပ်ခဲ့ကြကြောင်း သိရှိရသည်။ (၁၀၇)

❒ **ရှေ့ဖုံးမှ**

ဤစက်မှုလယ်ယာစနစ် ရှေ့ပြေးကေ (၅၀၀)စိုက်ခင်းကို ဗဟိုပြု၍ နိုင်ငံတစ်ဝန်း တိုင်းဒေသကြီး/ပြည်နယ်ဒေသကြီးများအပါအဝင် တစ်ချိန်တည်းတစ်ပြိုင်တည်း လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို စံနမူနာယူလုပ်နိုင်ကြစေရန် ရှေ့ပြေးအဖြစ်တောင်သူပညာပေး ဆောင်ရွက်နိုင်ရန်ရည်ရွယ်လျက် မိမိတို့နိုင်ငံတော်အစိုးရသစ် စတင်ဖွဲ့စည်းခဲ့သည့် ၃၀-၃-၂၀၁၁ ရက်မှ ယခု ငါးလတာကာလအတွင်း မြေပြုပြင်ခြင်း၊ ကုန်ထုတ်လမ်းများဖောက်လုပ်ခြင်း၊ ရေသွင်းရေထုတ် ဆည်ရေသောက်စနစ်များ တည်ထောင်ခြင်း၊ စိုက်ပျိုးခြင်း၊ ရိတ်သိမ်းခြင်း၊ ရိတ်သိမ်းချိန်လွန်လုပ်ငန်းစဉ် (Post Harvest Processing) လုပ်ငန်းစဉ်များအပါအဝင် အကောင်အထည်ဖော်နေသည်များကို လေ့လာတွေ့ရှိရမည် ဖြစ်ပါကြောင်း။ ရေရှည်တည်တံ့ခိုင်မြဲသော လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် Sustainable Agriculture Development လုပ်ငန်းစဉ်များဖြစ်သည့် မြေသယံဇာတကို ရာသီမရွေး အကျိုးရှိစွာစိုက်ပျိုးအသုံးပြုနိုင်ရေး၊ စိုက်ပျိုးရေကိုထိရောက်စွာ အသုံးချနိုင်ရေးအတွက် မြေယာပြုပြင်ခြင်းလုပ်ငန်းနှင့် ဆည်ရေသောက်စနစ်များ တည်ဆောက်ရန်လိုအပ်ချက် (Land Development and Irrigation System) လုပ်ငန်း၊ လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ် ကူးပြောင်းနိုင်ရေး ဆောင်ရွက်ရန်လိုအပ်ချက်(Mechanization)လုပ်ငန်း၊ တောင်သူများ ဝင်ငွေတွက်ခြေကိုက်မည့် အထူးအထွက်တိုး မျိုးကောင်းမျိုးသန့်များထုတ်လုပ်ဖြန့်ဖြူးပေးရန် လိုအပ်ချက် (Hybridization)လုပ်ငန်း၊ နိုင်ငံတော်တစ်ဝန်း လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရပိုင်းကသာမက ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ ပါဝင်ရင်းနှီးမြှုပ်နှံမှုနှင့် တောင်သူများတစ်ဦးချင်းကိုယ်တိုင် ပုဂ္ဂလိက အခန်းကဏ္ဍမှ စံနမူနာပြ ပူးပေါင်းဆောင်ရွက်လာစေရေးတစ်နည်းအားဖြင့် Private Sector ၏ အခန်းကဏ္ဍကို မဖြစ်မနေ အားပေးဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအနေဖြင့် တောင်သူလယ်သမားများအားအသိပညာ ပြန်လည်ဖြန့်ချိပေးနိုင်ရေးအတွက် သိလိုသောအချက်များ မေးမြန်းနိုင်ပါကြောင်းနှင့် နယ်မြေဒေသအလိုက်လုပ်ဆောင်လိုသော အချက်များကိုလည်းဖြည့်စွက်ဆွေးနွေး အကြံဉာဏ်ကောင်းများပေးနိုင်ကြပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးခင်ဇော်က ခေတ်မီစက်မှုလယ်ယာစနစ်ကူးပြောင်းရန်အတွက် အခြေခံမြေယာပြုပြင်ခြင်း၊ ကုန်ထုတ်လမ်းများ၊ ရေသွင်းရေထုတ်ဆိုင်ရာများ၊ Land Development လုပ်ငန်းများနှင့် ဆည်ရေသောက်စနစ် Irrigation လုပ်ငန်း ဆောင်ရွက်ထားမှုကို အသေးစိတ်ရှင်းလင်းတင်ပြသည်။

မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်ဝင်းက သိပ္ပံနည်းကျ(၁၄)ချက် စိုက်ပျိုးရန် လိုအပ်ချက်၊ တစ်ဧကအထွက်နှုန်းတိုးစေရန် ဒေသခံတောင်သူများ လိုက်နာဆောင်ရွက်ရမည့် (Must Do) အချက်များနှင့်မလုပ်ရမည့် (Don't Do)အချက်များကို အသေးစိတ်ရှင်းလင်းတင်ပြပြီး စိုက်ကွင်းအတွင်းရင့်မှည့်လျက်ရှိသော စပါးခင်းများ၏ အင်္ဂါရပ်နှင့် တစ်ဧကတင်း ၁၅၀ကျော်ထွက်ရှိမည့် အချက်အလက်များ၊ တစ်နှံပါအောင်စေ့၊ အောင်နှံပါပင်ပွားအရေအတွက်၊ တစ်ဧကကောက်ကွက် အရေအတွက်များဖြင့် တွက်ချက်တင်ပြရာ လေ့လာရေးအဖွဲ့များက သိရှိလိုသည်များကို မေးမြန်းကြသည်။ ထို့နောက် ခေတ်မီစပါးရိတ်သိမ်း ခြွေလှေ့စက်ဖြင့် စပါးရိတ်သိမ်းနေမှုကို ကြည့်ရှုအားပေးကြသည်။

လေ့လာရေးအဖွဲ့များသည် ခင်းကျင်းပြသထားသော ကောက်စိုက်စက်၊ လက်တွန်းစက်များ၊ တစ်ဧကတင်း ၁၅၀မှ ၂၀၀ထွက်ရှိမည့် အထူးအထွက်တိုးစိုက်ခင်းများ၊ သုတေသနပြုစိုက်ပျိုးထားသော ကောက်ညှင်းစပါး စိုက်ခင်းများကိုစိတ်ဝင်စားစွာဖြင့် ကြည့်ရှုလေ့လာကြသည်။

ထို့နောက် စိုက်ကွင်းအတွင်း တစ်ဧက တန် ၅၀အထက်ထွက်ရှိနိုင်မည့် ကြံစိုက်ခင်း ၁၀ဧကသို့ ရောက်ရှိရာ မြန်မာ့စက်မှု သီးနှံဖွံ့ဖြိုးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေ၊ ကြံသီးနှံလုပ်ငန်း ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး ဦးဇော်ထွန်းမြင့်တို့က ကြံမျိုး၏အင်္ဂါရပ်များနှင့် သိပ္ပံနည်းကျစိုက်နည်းစနစ်များကို ရှင်းလင်းပြသကြပြီး လေ့လာရေးအဖွဲ့က သိရှိလိုသည်များ မေးမြန်းကြသည်။

လက်တွေ့အကျိုးဖြစ်ထွန်း

လေ့လာရေးအဖွဲ့ဝင်များသည် နေပြည်တော် ဒက္ခိဏသီရိမြို့နယ် အောင်သုခကျေးရွာအနီး ခေတ်မီလယ်ယာမြေ (၂၀)ဟက်တာ ဖော်ထုတ်နေသော ဧက (၅၀)စိုက်ခင်းသို့ ရောက်ရှိလာကြရာ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်က မြေယာပြုပြင်ဖော်ထုတ်ခြင်းလုပ်ငန်းများနှင့် ဆည်ရေသောက်စနစ် တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့မှု၊ စက်မှုလယ်ယာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးလှိုင်က ခေတ်မီစက်ကိရိယာကြီးများ၊ကောက်စိုက်စက်ယန္တရားကြီးများဖြင့် စိုက်ပျိုးရန်ပြင်ဆင်နေမှုနှင့် စိုက်ပျိုးရေးလုပ်ငန်းရှင် ဦးကြည်စိန်က သိပ္ပံနည်းကျစိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်မှုကြောင့် လက်တွေ့အကျိုးဖြစ်ထွန်းနေမှုတို့ကို ရှင်းလင်းပြောကြားကြသည်။

ပြည်ထောင်စုဝန်ကြီးက ဤကဲ့သို့ စက်ကိရိယာများ အင်အားဖြင့် မြေယာပြုပြင်ဆောင်ရွက်နိုင်ခြင်းသည် နိုင်ငံတော်၏ လယ်ယာကဏ္ဍ လျင်မြန်စွာ အရှိန်အဟုန်ဖြင့် အမှန်တကယ် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်၍ ပုဂ္ဂလိက ငွေကြေးတတ်နိုင်သူများ ပါဝင်လာရေးအတွက် ကိုယ်စားလှယ်တော်ကြီးများအနေဖြင့် ဒေသအလိုက် စည်းရုံးဆောင်ရွက်ပေးကြပါရန်နှင့်လိုအပ်သောနည်းပညာများကို ဝန်ကြီးဌာနက အကူအညီပေးရန် အမြဲအသင့်ရှိပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ခေတ်မီကောက်စိုက်စက်များဖြင့်စိုက်ပျိုးရန် အသင့်ပြင်ဆင်နေမှုအခြေအနေများ၊ စက်ယန္တရားကြီးများဖြင့် မြေယာထွန်ယက်နေမှု အခြေအနေများကို လေ့လာကြရာ တာဝန်ရှိသူများက သိရှိလိုသည်များကို ရှင်းလင်းဖြေကြားကြသည်။

ထို့နောက် နေပြည်တော် ဇေယျာသီရိမြို့နယ် သပြေပင်ကျေးရွာရှိ တစ်ဧက တန် ၆၀အထက် ထွက်ရှိသည့် ကြံစိုက်ခင်း၊ သစ်တပ်ကုန်းကျေးရွာအနီး

အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း ဦးဆောင်သော လွှတ်တော်ကိုယ်စားလှယ်များ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ညောင်ပင်ကြီးစုကျေးရွာရှိ ခေတ်မီစံပြစက်မှုလယ်ယာ ဧက (၅၀၀) စိုက်ပျိုးရေးဇုန်၌ ခင်းကျင်းပြသထားသော ကောက်စိုက်စက်၊ လက်တွန်းထွန်စက်များကို ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

တောင်သူကြီး ဦးကျော်ကျော်၏ ဧက ၂၀ စံပြစပါးစိုက်ခင်းနှင့် တောင်သူကြီး သရေစည်သူ ဦးစိုးမောင်၏ အထူးအထွက်တိုးစပါး ၁၀ဧက စိုက်ခင်းများသို့ ရောက်ရှိလေ့လာကြသည်။

ဆက်လက်၍လေ့လာရေးအဖွဲ့သည် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၏ စပ်မျိုးစပါး မျိုးစေ့ထုတ်လုပ်ခြင်း သုတေသနစိုက်ခင်းဧက ၁၀၀သို့ ရောက်ရှိကြရာ ပါမောက္ခချုပ် ဒေါက်တာတင်ထွဋ်က ဆန်စပါးကဏ္ဍတိုးတက်ရေးနှင့် မြန်မာ့ဆန်အား ကမ္ဘာ့ဈေးကွက်တွင် ယှဉ်ပြိုင်နိုင်ရန် စပ်မျိုးစပါး ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ မဖြစ်မနေ ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ ကိုယ်တိုင်ပါဝင်မျိုးထုတ်ပေးနိုင်သည်အထိ အဆင့်ဆင့်အားပေး အကောင်အထည်ဖော်ကြရန်လိုပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက စပ်မျိုးစပါး ထုတ်လုပ်ခြင်းလုပ်ငန်းသည် ခေတ်မီ ဆန်စပါးနည်းပညာပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် Research and Development တာဝန်ကို အကောင်အထည်ဖော်နေခြင်းပင်ဖြစ်ပါကြောင်း၊ဆန်စပါးကဏ္ဍသာမက ဆီထွက်နေကြာ၊ ကြံ၊ ပဲမျိုးစုံ၊ အစေ့ထုတ်ပြောင်း သီးနှံအမျိုးမျိုး (Hybrid Seeds) များကိုလည်း နိုင်ငံတော်အတွက် စိုက်ပျိုးရေးပညာရှင်များက စီးပွားဖြစ်ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ပြီ ဖြစ်ကြောင်း။

စပ်မျိုးစပါး မျိုးစေ့ထုတ်လုပ်ငန်းအား ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်တွင် ဧက ၁၀၀နှင့် ဝမ်းတွင်းမြို့နယ် ရွှေတောင်ခြံတွင် ဧက ၁၃၀ စုစုပေါင်း ဧက၂၃၀ တစ်ပြိုင်တည်း သုတေသနပြု ထုတ်လုပ်လျက်ရှိနေပြီး ဖြစ်ပါကြောင်း၊ လိုအပ်သောနည်းပညာများကို ဝန်ကြီးဌာနက ကူညီဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း၊ ထွက်ရှိလာသော မျိုးစေ့များကို စိတ်ချယုံကြည်ပြီး စိတ်ပါဝင်စားစွာဖြင့် စိုက်ပျိုးလိုကြသော တောင်သူများအတွက် ဈေးနှုန်းချိုသာစွာဖြင့် ပညာပေးဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း၊ ဗီယက်နမ်နိုင်ငံနှင့် ထိုင်းနိုင်ငံ အပါအဝင် ဆန်စပါးကဏ္ဍဖွံ့ဖြိုးတိုးတက်နေကြသည့် နိုင်ငံများနည်းတူ မိမိတို့နိုင်ငံအနေဖြင့် ဆန်စပါး ပိုလျှံပြီး နိုင်ငံတော်၏ ဆန်စပါးဈေးကွက်နှင့် နိုင်ငံခြားဝင်ငွေ ရှာဖွေနိုင်ရေးအတွက် စပ်မျိုးစပါး နည်းပညာဖွံ့ဖြိုးတိုးတက်ရေးကို ထိထိရောက်ရောက် ကြိုးပမ်းဆောင်ရွက်ကြရန် အချိန်ကျရောက်နေပြီဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် လေ့လာရေးအဖွဲ့များသည် စနစ်တကျ ပျိုးပေါင်များဖြင့် ပျိုးထောင်ထားရှိသော မိဘလိုင်းပျိုးပေါင်များကို လှည့်လည်လေ့လာကြသည်။

ရှင်းလင်းဖြေကြား

ယင်းနောက် လေ့လာရေးအဖွဲ့များသည် စိုက်ပျိုးရေးသုတေသနဦးစီးဌာနသို့ ရောက်ရှိကြပြီး စိုက်ပျိုးရေး သုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်စိုးက သီးနှံမျိုးစုံပြခန်း၊ တစ်နိုင်ငံလုံး စပါးမျိုးကွဲများ စုစည်းပြသထားရာ မျိုးစေ့ပြခန်းများနှင့် မျိုးဗီဇမပျက် သိုလှောင်သိမ်းဆည်းထားသည့် မျိုးစေ့ဘဏ်(Seed Bank)နှင့် သုတေသနပြခန်းများကို လိုက်လံရှင်းလင်းပြသရာ စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြ၍ သိရှိလိုသည်များကို ပညာရှင်များက ရှင်းလင်းဖြေကြားခဲ့ကြသည်။ **(သတင်းစဉ်)**

ဂရင်းဟိုတယ်စံချိန်စံနှုန်းများဆိုင်ရာ အလုပ်ရုံဆွေးနွေး

ရန်ကုန် စက်တင်ဘာ ၄

မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံတွင် ဂရင်းဟိုတယ်စံချိန်စံနှုန်းများနှင့်အညီ ဟိုတယ်များမှ လိုက်နာကျင့်သုံးနိုင်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲကို စက်တင်ဘာ ၄ ရက် နံနက် ၉ နာရီက ရန်ကုန်မြို့ ဒဂုံမြို့နယ် အလံပြဘုရားလမ်းရှိ ယုဇနဂါးဒင်းဟိုတယ်၌ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက အမှာစကားပြောကြားပြီး အတွင်းရေးမှူး ဦးကျော်ထွန်းက အာဆီယံဂရင်းဟိုတယ် စံချိန်စံနှုန်းများအကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ စာတမ်းများဖတ်ကြားတင်သွင်းရာ မြန်မာနိုင်ငံဗိသုကာအသင်းမှ ဒေါ်ချောကလျာက အဆောက်အအုံများနှင့် ရေရှည်တည်တံ့ခိုင်မြဲမှု (Buildings and Sustainability) ခေါင်းစဉ်ဖြင့် လည်းကောင်း၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းမှ တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးအုန်းမြင့်က စွမ်းအင်ချွေးခြံချွေတာခြင်းနှင့် ထိရောက်စွာအသုံးပြုနိုင်ခြင်း (Energy Efficiency & Conservation) ခေါင်းစဉ်ဖြင့် လည်းကောင်း၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းမှ ဦးလှဘော်က မြန်မာနိုင်ငံတွင် ရေစီမံခန့်ခွဲမှု (Water Management in Myanmar) ခေါင်းစဉ်ဖြင့် လည်းကောင်း၊ Nature Lovers International မှ ဥက္ကဋ္ဌ ဦးအောင်ဒင်က စိမ်းလန်းစေရန် (To Be Green) ခေါင်းစဉ်ဖြင့် လည်းကောင်း၊ မြန်မာနိုင်ငံဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ ဒုတိယအထွေထွေမန်နေဂျာ ဦးရဲမြင့်က ဂရင်းဟိုတယ် စံချိန်စံညွှန်းများအကြောင်း (Green Hotel Standards)ကိုလည်းကောင်း ဖတ်ကြားခဲ့ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ဂရင်းဟိုတယ် စံချိန် စံနှုန်းများ ဆိုင်ရာ အလုပ်ရုံ ဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာ ခင်ရွှေနှင့် အလုပ်အမှုဆောင်များ၊ စာတမ်းများ ဖတ်ကြား တင်သွင်းသည့်စာတမ်းရှင်များကို တွေ့ရစဉ်။

ပို့ဆောင်ရေးသတင်းဂျာနယ် စာနယ်ဇင်းမိတ်ဆက်ပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၄

ပို့ဆောင်ရေးဝန်ကြီးဌာနက ထုတ်ဝေသည့် ပို့ဆောင်ရေး သတင်းဂျာနယ် (The Transport News Journal) စတင်ထုတ်ဝေခြင်း အထိမ်းအမှတ် စာနယ်ဇင်းမိတ်ဆက်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ယုဇနဟိုတယ်၌ကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်က ပို့ဆောင်ရေးသတင်းဂျာနယ် ထုတ်ဝေခြင်းနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ထို့နောက် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင့်က ဂျာနယ်ထုတ်ဝေရသည့် ရည်ရွယ်ချက်နှင့် စီစဉ်ဆောင်ရွက်ထားမှုများကို ရှင်းလင်းပြောကြားပြီး မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးတင်လှိုင် (လယ်တွင်းသားစောချစ်)က ဂုဏ်ပြုစကားပြောကြားသည်။

အဆိုပါ ပို့ဆောင်ရေးသတင်းဂျာနယ် အတွဲ(၁)၊ အမှတ်စဉ်(၁)ကို စက်တင်ဘာ ၅ ရက်တွင် စတင်ထုတ်ဝေသွားမည်ဖြစ်ပြီး ရက်သတ္တ နှစ်ပတ်လျှင် တစ်ကြိမ် တနင်္လာနေ့တိုင်း ထုတ်ဝေမည်ဖြစ်သည်။ သတင်း၊ ဆောင်းပါး၊ ကဗျာ၊ ကာတွန်းနှင့် ဘာသာပြန်စာမူများကို အမှတ်(၃၆၃/၄၂၁) သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့သို့ ဆက်သွယ်ပေးပို့နိုင်သည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း ဟောပြောပွဲကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၄

မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း အလုပ်အမှုဆောင်အဖွဲ့ဝင်ဦးသိန်းမြင့်က "Presentation and Disclosure Checklist - MFRS for SMEs (Auditors' Perspective)" ခေါင်းစဉ်ဖြင့် ဟောပြောပွဲတစ်ရပ်ကို စက်တင်ဘာ ၁၈ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ရန်ကုန်မြို့ အမှတ်(၂၉) မင်းရဲကျော်စွာလမ်း လမ်းမတော်မြို့နယ်ရှိ မြန်မာနိုင်ငံကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း၊ ဟောပြောပွဲသို့ စိတ်ပါဝင်စားသူ မည်သူမဆိုတက်ရောက်နိုင်ကြောင်း၊ လက်မှတ်ရပြည်သူ့စာရင်းကိုင်များသည် CPEနာရီအတွက် ထောက်ခံချက်ရရှိမည်ဖြစ်ကြောင်း သိရှိရသည်။

ဟောပြောပွဲတက်ရောက်ရန်အတွက် စက်တင်ဘာ ၁၄ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်းရုံးခန်း အမှတ်(၁/၁၉)သခင်မြပန်းခြံလမ်း စာရင်းစစ်ချုပ်ရုံးသင်တန်းကျောင်း ပထမထပ်သို့ မှတ်ပုံတင်ကြေးပေးသွင်း၍ စာရင်းသွင်းရမည်ဖြစ်ကြောင်း၊ လက်မှတ်ရပြည်သူ့စာရင်းကိုင်သင်တန်း(ဒုတိယပိုင်း)တက်ရောက်နေဆဲ သင်တန်းသား သင်တန်းသူများအနေဖြင့် ဟောပြောပွဲတက်ရောက်လိုပါက သတ်မှတ်ရက်မတိုင်မီ စာရင်းပေးသွင်းနိုင်ကြောင်း၊ နယ်မှလာရောက်ရသူများအနေဖြင့် သတ်မှတ်ရက်မတိုင်မီ အသင်းရုံးခန်း ဖုန်း-၂၁၄၆၅၃ သို့ ကြိုတင်ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း၊ သတ်မှတ်ရက်ကျော်လွန်မှ စာရင်းပေးသွင်းခြင်းကို လက်ခံမည်မဟုတ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

အစုအဖွဲ့များဖွဲ့စည်းရာ၌ စိတ်ရှည်၊ သည်းခံ ကြိုးပမ်းဆောင်ရွက် မသမာမှုများ၊ လာဘ်ပေးလာဘ်ယူမှုများကင်းရှင်းကြရန် ဆွေးနွေး

နေပြည်တော် စက်တင်ဘာ ၄

သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်သည် ယမန်နေ့ နံနက် ၆ နာရီခွဲတွင် ကချင်ပြည်နယ် သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးလုပ်ငန်းစဉ်ပါ သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်အတွက် ပြည်နယ်နှင့် မြို့နယ်သမဝါယမဦးစီးဌာနတို့မှ ဝန်ထမ်းများနှင့်တွေ့ဆုံပြီး သမဝါယမအသင်းများ၊ အစုအဖွဲ့များဖွဲ့စည်းရာတွင် ကျစ်လျစ်စွာဖွဲ့စည်းနိုင်ရေး စိတ်ရင်းစေတနာကောင်းဖြင့် စိတ်ရှည်၊ သည်းခံကြိုးပမ်းဆောင်ရွက်ကြရန်နှင့် မသမာမှုများ၊ လာဘ်ပေးလာဘ်ယူမှုများကင်းရှင်းကြရန် ဆွေးနွေးမှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ မြစ်ကြီးနားမြို့ပေါ်ရှိ အသေးစား စက်မှုလက်မှုလုပ်ငန်းများ ဦးစီးဌာန ရက်ကန်းသင်တန်းကျောင်း၌ ဝန်ထမ်းများနှင့်တွေ့ဆုံကာ သမဝါယမဝန်ကြီးဌာနအနေဖြင့် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနကို ၁-၄-၂၀၁၀ ရက်မှစ၍ အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနအဖြစ် အမည်ပြောင်းလဲခဲ့ကြောင်း၊ အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနသည် အသေးစားစက်မှုလုပ်ငန်း အစုအဖွဲ့များကို မှတ်ပုံတင်ပေးခြင်း၊ မြန်မာ့ရိုးရာ ရက်ကန်းပညာများ တိမ်ကောပပျောက်မှုမရှိစေရန် ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ စက်ရက်ကန်း၊ လက်ရက်ကန်းများ ဖွံ့ဖြိုးတိုးတက်အောင် နည်းပညာများ ထောက်ပံ့ပေးခြင်းတို့ကို ဆောင်ရွက်ပေးရန်လိုကြောင်း မှာကြားပြီး ရက်ကန်းအလုပ်ရုံများနှင့် ထုတ်ကုန်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မြစ်ကြီးနားမြို့ အေးစေတီရပ်ကွက်ရှိ မနောရေရာရက်ကန်း ကုန်ထုတ်လုပ်သမဝါယမအသင်းနှင့် ဒေါ်ဘောက်ဂျာ၏ ရိုးရာရက်ကန်းစက်ရုံများသို့ သွားရောက်ကြည့်ရှုအားပေးပြီး မွန်းလွဲပိုင်းတွင် မန္တလေးမြို့သို့ရောက်ရှိကာ မန္တလေး စက်မှုဇုန်(၂) ဓမ္မာရုံ၌ မန္တလေးတိုင်းဒေသကြီး စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ဇံနှင့်အတူ စိန်ပန်းစက်မှုကုန်ထုတ်သမဝါယမအသင်းမှ အမှုဆောင် ဒါရိုက်တာအဖွဲ့ဝင်များ၊ အသင်းသားများနှင့်တွေ့ဆုံသည်။

ဆက်လက်၍ အမရပူရမြို့နယ် သမဝါယမအသင်းစု၏ နန်းသိင်္ဂီအထည်စက်ရုံသို့ရောက်ရှိပြီး စက်ရက်ကန်းဖြင့် ထုတ်လုပ်နေမှုများနှင့် ကုန်ချောပစ္စည်းများကို ကြည့်ရှုစစ်ဆေးပြီး အမှုဆောင် ဒါရိုက်တာအဖွဲ့ဝင်များနှင့် ဝန်ထမ်းများအား တွေ့ဆုံသည်။

ထို့နောက် အသေးစားစက်မှုလုပ်ငန်း ဦးစီးဌာန၏ အမရပူရ ဆောင်းဒါး ရက်ကန်းကျောင်း အစည်းအဝေးခန်းမ၌ ရက်ကန်းလုပ်ငန်းရှင်များ၊ ဆရာ ဆရာမများနှင့်တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက အမရပူရမြို့သည် ရက်ကန်းလုပ်ငန်းကို ရှေးယခင်ကတည်းက ဘိုးစဉ်ဘောင်ဆက် လုပ်ကိုင်ခဲ့သဖြင့် အမရပူရ ရက်ကန်းထည်များသည် နာမည်ကျော်ကြားခဲ့ကြောင်း၊ ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မယ် (One Village One Product) ထုတ်ကုန်များ ထုတ်လုပ်ရန်အတွက် ရက်ကန်းလုပ်ငန်းရှင်များနှင့် လုပ်သားများသည် အစုအဖွဲ့များဖွဲ့စည်းပြီး အသေးစား ချေးငွေလုပ်ငန်းများကို လုပ်ကိုင်ခြင်း၊ တစ်ဖက်တွင်လည်း သက်သာချောင်ချိရေးကိုဆောင်ရွက်ပေးနိုင်ရန်အတွက် အခြေခံလူသုံးကုန်ပစ္စည်းအရောင်းဆိုင်များ ဖွင့်လှစ်ပေးခြင်းဖြင့် လူမှုစီးပွားဘဝ ပိုမိုအဆင့်အတန်းမြင့်မားလာပြီး နိုင်ငံတော်၏ စက်မှုလက်မှုကဏ္ဍကို ဖွံ့ဖြိုးတိုးတက်ရန် အထောက်အကူပြုရာ ရောက်ကြောင်း ရှင်းလင်းမှာကြားကာ ဆောင်းဒါးရက်ကန်းကျောင်း၏ ရက်ကန်းရုံအတွင်း စက်ရက်ကန်းများ၊ လက်ရက်ကန်းများနှင့် ကုန်ချောပစ္စည်းများထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ဆွေးနွေးမှာကြား

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ညနေပိုင်းတွင် မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ် ရတနာပူရ မြန်မာ့လက်မှုနှင့် အနုပညာဗိမာန်သို့ရောက်ရှိကာ ပထမထပ်ရှိ အစည်းအဝေးခန်းမ၌ ပန်း ၁၀ မျိုး ပညာရှင်များနှင့် မြန်မာ့လက်မှုအနုပညာလုပ်ငန်းရှင်များအားတွေ့ဆုံ၍ အစုအဖွဲ့အသင်းများဖွဲ့စည်းပြီး လုပ်ကိုင်ရေး ဆွေးနွေးမှာကြားသည်။

ထို့နောက် ရတနာပူရ မြန်မာ့လက်မှုအနုပညာအရောင်းခန်းမရှိ မြန်မာ့ရိုးရာ ပန်း ၁၀ မျိုး လက်မှုထုတ်ကုန်ပစ္စည်းအမျိုးမျိုးကို လှည့်လည်ကြည့်ရှုစစ်ဆေးအားပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး ရန်ကုန်တက္ကသိုလ်၌ အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ပါမောက္ခချုပ်နှင့် ပါမောက္ခဌာနမှူးများ၊ ပါမောက္ခများ၊ ဆရာ ဆရာမများအား တွေ့ဆုံမှာကြားစဉ်။

(သတင်းစဉ်)



ရန်ကုန်တက္ကသိုလ်နှင့် ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်များသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၄

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးသည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တက္ကသိုလ်သို့ ရောက်ရှိပြီး အဆိုပါတက္ကသိုလ်ရှိ ဝိဇ္ဇာခန်းမ၌ အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ပါမောက္ခချုပ်နှင့် ပါမောက္ခဌာနမှူးများ၊ ပါမောက္ခများ၊ ဆရာ ဆရာမများအား တွေ့ဆုံ၍ ကောင်းမွန်သောအုပ်ချုပ်ရေးနှင့် သန့်ရှင်းသော အစိုးရ ဖော်ဆောင်နေချိန်တွင် ပညာရေးဝန်ထမ်းများအနေဖြင့် မိမိဆောင်ရွက်ရမည့်လုပ်ငန်းများကို တာဝန်သိသိ၊ သစ္စာရှိရှိ လိုက်နာဆောင်ရွက်ကြရန်၊ တက္ကသိုလ်အရည်အသွေး မြင့်မားအောင် ဆောင်ရွက်ကြရန်၊ နာယကဂုဏ်ခြောက်ပါးနှင့်အညီ ကြိုးစားဆောင်ရွက်ကြရန်တို့ကို မှာကြားသည်။

ထို့နောက် ရန်ကုန်တက္ကသိုလ် ရူပဗေဒဌာန၊ ဓာတုဗေဒဌာနနှင့် သချ်ာဌာနများရှိ လက်တွေ့ခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး သုတေသနလုပ်ငန်းများဆောင်ရွက်ကြရန် မှာကြားသည်။

ဆွေးနွေးမှာကြား

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်အရှေ့ပိုင်း တက္ကသိုလ်သို့ရောက်ရှိရာ တက္ကသိုလ်၏ လုပ်ရှားဆောင်ရွက်မှုမှတ်တမ်းများနှင့် သုတေသန အစီရင်ခံစာများကို ကြည့်ရှု၍ အစည်းအဝေးခန်းမ၌ ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများအားတွေ့ဆုံပြီး သင်ကြားရေး၊ စီမံခန့်ခွဲရေး ကိစ္စများအပေါ် ဖြည့်စွက် ဆွေးနွေးမှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒုတိယဝန်ကြီး ဦးအောင်သန်းဦး ဓာတ်အားခွဲရုံများစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၄

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သန်းဦးသည် စက်တင်ဘာ ၁ ရက် နံနက် ၉ နာရီ ၄၅ မိနစ်တွင် ရှမ်းပြည်နယ် ပင်းတယမြို့အနီး၌ တည်ဆောက်မည့် ပင်းတယဓာတ်အားခွဲရုံ မြေနေရာရွေးချယ်ထားမှုကို ကြည့်ရှုစစ်ဆေးပြီး ဓာတ်အားခွဲရုံအဆောက်အအုံနှင့် ကလော-ပင်းတယ 66 KV ဓာတ်အားလိုင်း တည်ဆောက်ရေးလုပ်ငန်းများ၊ ဓာတ်အားလိုင်းတစ်လျှောက်ရှိ ကျေးရွာများအား ဓာတ်အားပေးနိုင်ရေးအတွက် ကြိုတင်စီမံထားရှိရမည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ လိုအပ်သည်များ မှာကြားသည်။

ကြည့်ရှုစစ်ဆေး

မွန်းလွဲပိုင်းတွင် ကလောပင်မဓာတ်အားခွဲရုံ Control Panel ခန်း၌ ဓာတ်အားထိန်းချုပ် ပို့လွှတ်ဖြန့်ဖြူးနေမှု၊ Switch Yard အတွင်းရှိ ထရန်စဖော်မာများကြံ့ခိုင်မှု၊ 66 KVနှင့် 33 KV ဓာတ်အား စအထွက်လိုင်းများ တိုးချဲ့တပ်ဆင်မည့်အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်ရှိ ရေပေါင်းစုံဓာတ်အားခွဲရုံကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း စာအုပ်စင်ကလျာ ၄-၉-၂၀၁၁

ကြိုင်လှျမ်း၏ မုန်တိုင်းရှောင်ကွင်းအန္တရာယ်ကင်း သဘော်မောင်းနှင်နည်း စာအုပ်ထုတ်ဝေဖြန့်ချိ

ဆောင်းပါးရှင် ကြိုင်လှျမ်း၏မုန်တိုင်းရှောင်ကွင်းအန္တရာယ်ကင်း သဘော်မောင်းနှင်နည်းစာအုပ် **(ယာပုံ)**ကို ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရှိရသည်။



အဆိုပါစာအုပ်တွင် အစားမက်လို့ အသွားခက်ခဲ့ရပြီ၊ မမြင်ယောင်ဆောင် အမှတ်မှားပြီထင့်၊ သိလျက်နှင့်ပင် ဝိဘက်ကြမ္မာငင်ခဲ့လေသလား၊ ဗိုက်ကူးနားသဘော် မီးလောင်ပေါက်ကွဲမှုကြီး၊ မိုဘိုင်းလ်ဖုန်းကြောင့် မပြိုးနိုင်ကြရပြီ၊ အင်ဂျင်ဝိုင်တစ်စက် သွေးအသက်၊ မာဂရက်နှင့် ကံဆိုးမိုးမှောင်၊ သူနိုင်ကိုယ်နိုင်ခေါင်းချင်းဆိုင်၊ ရင်ဆိုင်တွေ့ကြရာဝယ်၊ ဘာကြောင့် ပင်လယ်ပျော် သဘော်သားလုပ်ကြတာလဲ စသည့် ဆောင်းပါး စုစုပေါင်း ၂၄ ပုဒ် ပါဝင်သည်။ ဆောင်းပါးများမှာ အင်တာနေရှင်နယ် မဂ္ဂဇင်း၊ ပင်လယ်ပျော်ဂျာနယ်၊ WEJ ဂျာနယ်၊ Livenews ဂျာနယ်၊ ယုံကြည်မှုသတင်းဂျာနယ်နှင့် Future ဂျာနယ်တို့တွင် ရေးသားဖော်ပြခဲ့သော ဆောင်းပါးများကို စုစည်းထုတ်ဝေလိုက်ခြင်း ဖြစ်သည်။

စာအုပ်ကို စိတ်ကူးချိုချိုစာပေက တစ်အုပ်လျှင် ငွေကျပ် ၁၆၀၀ ဖြင့် ထုတ်ဝေလိုက်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ရန်ကုန်ခရီးသွားဂျာနယ် (၃)နှစ်ပြည့် အထူးထုတ်ဖြန့်ချိ

ရန်ကုန်ခရီးသွားလုပ်ငန်း အရည်အသွေးမြှင့်တင်ရန်၊ ယာဉ်တိုက်မှုများ လျှော့နည်းပပျောက်စေရန်၊ ယာဉ်ပိုင်ရှင်၊ ယာဉ်လုပ်သားများ အသိပညာတိုးတက်ရန်၊ လိမ္မာယဉ်ကျေးရန်၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း သိရှိလိုက်နာစေရန်နှင့် ခရီးသွားပြည်သူများနှင့် ယာဉ်လုပ်သားများ သဟဇာတဖြစ်စေရန်တို့အတွက် ရည်ရွယ်၍ ရန်ကုန်ခရီးသွားဂျာနယ် (၃)နှစ်ပြည့် အထူးထုတ် အတွဲ(၄)၊ အမှတ်(၉)ကို ထုတ်ဝေဖြန့်ချိလိုက်သည်။

ရန်ကုန်ခရီးသွားဂျာနယ်ကို ရန်ကုန်မြို့ စာအုပ်ဆိုင်ကြီးများ၊ မထသဌာနခွဲများနှင့် ဂိတ်များ၌ရနိုင်ပြီး စာမူနှင့် ကြော်ငြာကိစ္စများအတွက် ဆက်သွယ်လိုပါက အမှတ်(၄၇၄) သိမ်ဖြူလမ်း ကန်တော်ကလေးစာတိုက်ရှေ့ ဖို့မြေရပ်ကွက် မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၈၁၈၅၈ သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မော်လိုက်ခရိုင်၌ ပညာဒါနသင်တန်းများ ဖွင့်လှစ်

နေပြည်တော် စက်တင်ဘာ ၄

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ခရိုင် အမျိုးသမီးရေးရာအဖွဲ့နှင့် W.com Centre တို့ပူးပေါင်း၍ ဝန်ထမ်းများနှင့် ပြည်သူများအတွက် ပညာဒါနသင်တန်းများဖြစ်သည့် ရုံးသုံးကွန်ပျူတာသင်တန်း၊ အင်္ဂလိပ်စာ စကားပြောသင်တန်းနှင့် အခြေခံစာရင်းကိုင်သင်တန်းများ ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၁ ရက် နံနက် ၁၀ နာရီတွင် မော်လိုက်မြို့ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စန်းစန်းကျော်နှင့် W.com Centre မှ သင်တန်း တည်ထောင်သူ ဦးဝဏ္ဏထွန်းတို့က သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်နှင့် သင်တန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းပြောကြားကြသည်။ သင်တန်းများသို့ သင်တန်းသားဦးရေ ၂၅၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ တစ်လဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

သမဝါယမဝန်ကြီးဌာန ကျောက်မဲမြို့နယ် အမှတ်(၃) ငွေစုငွေချေးသမဝါယမအသင်း၏ ၂၀၁၀-၂၀၁၁ အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဇူလိုင် ၂၈ ရက်တွင် မြို့နယ်သမဝါယမဦးစီးဌာနရုံး၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်နိုင်က တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သော အသင်းဝင်တစ်ဦး၏ သမီးအား ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (မြန်မာ့အလင်း)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၃၇၃ခုနှစ်၊တော်သလင်းလဆန်း ၈ရက် (ဥပုသ်နေ့)

၅-၉-၂၀၁၁ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	အဂ္ဂိဇယမင်္ဂလံ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
၇း၅၀	၅။	လှည့်လည်ပူဇော် ပေါင်းတည်မြတ်စွယ်တော်
၈း၀၅	၆။	သံသာချိုအေးမင်္ဂလာတေး
၈း၁၀	၇။	သက်ရှည်ကျန်းမာ လေ့ကျင့်ပါ
၈း၂၅	၈။	**၂၀၁၁ ခုနှစ် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (မဟာဂီတ) (အခြေခံပညာ ၁၅-၂၀နှစ်) (အမျိုးသမီး)**
၈း၃၅	၉။	International News
၈း၄၀	၁၀။	Islands of Dhamma
၈း၅၀	၁၁။	ဘဒ္ဒန္တတေဇောသာရာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ) ဒုတိယဥက္ကဋ္ဌဆရာတော် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ နိကာယနယ်ပူဒေသကျောင်း၊ မစိုးရိမ်ကျောင်းတိုက်၊ မဟာအောင်မြေမြို့နယ် မန္တလေးတိုင်းဒေသကြီးထံမှ နဝင်္ဂဥပေါသထသီလခံယူဆောက်တည်ခြင်း

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄း၁၀	၂။	အကပဒေသာ
၄း၂၀	၃။	တေးဂီတအစီအစဉ်
၄း၃၀	၄။	အမှတ်(၃)အခြေခံပညာ ဦးစီးဌာန တတိယအကြိမ်မြောက် ဓမ္မစကြာဝတ်ရွတ်ပူဇော်ပွဲ (တတိယဆု) အထက(၂)လှိုင်သာယာ (အမျိုးသားဝတ်ရွတ်အဖွဲ့)
၄း၅၀	၅။	အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ-ဒုတိယနှစ် (ပထဝီဝင်အထူးပြု)(ပထဝီဝင်)
၅း၁၀	၆။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅း၁၅	၇။	တေးဂီတအစီအစဉ် (မြန်မာ့အသံ ခေတ်ပေါ် တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
၅း၂၅	၈။	**၂၀၁၁ ခုနှစ် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (ကာလပေါ်တေးနှင့် ခေတ်ဟောင်းတေး) (အခြေခံပညာ ၁၅-၂၀နှစ်) (အမျိုးသမီး)**
၅း၃၅	၉။	မြန်မာတေးသံရှင်ရွေးချယ်ပွဲ
၆း၀၀	၁၀။	ညနေခင်းသတင်း
၆း၁၅	၁၁။	မိုးလေဝသအခြေအနေ
၆း၂၀	၁၂။	ဆိုကြမယ်၊ ပျော်ကြမယ်
၇း၀၀	၁၃။	နိုင်ငံခြားဇာတ်လမ်းတွဲ **သစ္စာနှလုံးသား** (အပိုင်း-၂၃)
၈း၀၀	၁၄။	ပြည်တွင်းသတင်း
	၁၅။	နိုင်ငံတကာသတင်းများ
	၁၆။	မိုးလေဝသအခြေအနေ
	၁၇။	ကမ္ဘာကျော်သရုပ်ဆောင်များ
	၁၈။	နိုင်ငံခြားဇာတ်လမ်းတွဲ **ပန်းသုံးပွင့်ရဲ့ဒိုင်ယာရီ** (အပိုင်း-၇)
	၁၉။	မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်

နျူကလီးယားလက်နက်များ လုံးဝဖျက်သိမ်းရန် အီရန်သံအမတ်တိုက်တွန်း

တီဟီရန် စက်တင်ဘာ ၄

တစ်ကမ္ဘာလုံး နျူကလီးယားလက်နက်အန္တရာယ် ကင်းဝေးစေရန် တစ်ခုတည်းသော အာမခံချက်အဖြစ် နျူကလီးယားလက်နက်များ လုံးဝဖျက်သိမ်းရန် ကုလသမဂ္ဂဆိုင်ရာ အီရန်သံ အမတ် အလီဟာဘစ်က တောင်းဆိုလိုက်သည်။

ကုလသမဂ္ဂအထွေထွေညီလာခံတွင် အီရန်သံအမတ် အလီဟာဘစ်က စက်တင်ဘာ ၂ ရက်၌ အထက်ပါအတိုင်း တိုက်တွန်းတောင်းဆိုလိုက်ခြင်းဖြစ်သည်။ နျူကလီးယားလက်နက်အသုံးပြုမှု သို့မဟုတ် ခြိမ်းခြောက်မှုမပြုရေးအတွက် တစ်ခုတည်းသော အာမခံချက်မှာ ထိုသို့သောလက်နက်များ လုံးဝဖျက်သိမ်းပစ်ရန်သာဖြစ်ကြောင်း ကမ္ဘာ့အသိုက်အဝန်းအများစုက အခိုင်အမာယုံကြည်သည်ဟုလည်း ၎င်းက ပြောကြားသည်။ ***(အင်တာနက်)***



မော်စကို စက်တင်ဘာ ၄

ရုရှားနိုင်ငံက တိုပိုလ် RS-12 M အမည်ရှိ ဒုံးကျည်အသစ်တစ်စင်းကို စက်တင်ဘာ ၃ ရက်က အောင်မြင်စွာ စမ်းသပ်ပစ်လွှတ်လိုက်ကြောင်း ပြည်တွင်းမီဒီယာများက စက်တင်ဘာ ၄ ရက်၌ သတင်းဖော်ပြသည်။

စမ်းသပ်ပစ်လွှတ်

၎င်းတိုပိုလ် RS-12 M ဒုံးကျည်သစ်ကို ၂၃ နှစ်ကြာ သုတေသနပြုထုတ်လုပ်ခဲ့ရခြင်းဖြစ်ပြီး ရုရှားနိုင်ငံအာခန်ဂီလ် ဒေသပလီဆက်အာကာသယာဉ်လွှတ်တင်ရေးစခန်းမှ စမ်းသပ်ပစ်လွှတ်ခဲ့ခြင်းဖြစ်သည်။ **(ဝဲပုံ)**

သတင်းထုတ်ပြန်

ထိုသို့ စမ်းသပ်ပစ်လွှတ်ရာတွင် ရုရှားနိုင်ငံခမ်ချက်ကာကျွန်းအရှေ့ဖျားရှိ ပစ်မှတ်ကို တည့်မတ်စွာ ထိမှန်ခဲ့ကြောင်း ရုရှားသတင်းဌာန အင်တာဖက်က သတင်းထုတ်ပြန်သည်။

ပြောကြား

အဆိုပါ တိုပိုလ် RS -12 M ဒုံးကျည်သည် နျူကလီးယားထိပ်ဖူးတစ်ခုကို သယ်ဆောင်ကာ ကီလိုမီတာ ၁၀၀၀၀ ကျော်ရှိ ပစ်မှတ်ကိုထိမှန်အောင် ပစ်ခတ်နိုင်စွမ်းရှိကြောင်း ရုရှားစစ်ဘက်အရာရှိ တစ်ဦးက ပြောကြားသည်။ **(အင်တာနက်)**

ပါကစ္စတန်တောင်ပိုင်း၌ရေကြီး၊ လူပေါင်း ၆၀ ကျော်သေဆုံး

အစ္စလမ္မာဘတ် စက်တင်ဘာ ၄

ပါကစ္စတန်တောင်ပိုင်း၌ လွန်ခဲ့သောရက်များက မိုးအဆက်မပြတ် သဲသဲမဲမဲ ရွာသွန်းခဲ့သဖြင့် ဒေသအများအပြား၌ ရေလွှမ်းကာ လူပေါင်း ၆၀ ကျော် သေဆုံးပြီး ထောင်နှင့်ချီ၍ ရေဘေးကင်းရာသို့ ပြောင်းရွှေ့ခဲ့ရကြောင်း တာဝန်ရှိသူများက စက်တင်ဘာ ၃ ရက်တွင် ပြောကြားသည်။ **(ယာပုံ)**

ရင်ဆိုင်

ဆင်းပြည်နယ်၌ မိုးသည်းထန်စွာရွာသွန်းပြီး မတော်တဆဖြစ်မှုများကြောင့် သေဆုံးသူဦးရေ ၆၆ ဦးအထိရှိခဲ့ကြောင်း၊ အနည်းဆုံးလူပေါင်းသုံးသန်း သဘာဝဘေးအန္တရာယ်ကို ရင်ဆိုင်ခဲ့ရကြောင်း အမျိုးသားသဘာဝဘေး စီမံခန့်ခွဲရေး အာဏာပိုင်အဖွဲ့ဥက္ကဋ္ဌ ဇာဖာကွာဒီယာက ဒေသဆိုင်ရာမီဒီယာသို့ ပြောကြားသည်။

ပြိုကျပျက်စီး

ရေကြီးမှုကြောင့် ဆင်းပြည်နယ်အတွင်းရှိ ခရိုင်အများစု၌ ကောက်ပဲသီးနှံစိုက်ခင်းများ ရေထဲတွင်မျောပါသွားခဲ့ကြောင်း၊ ကျေးလက်နေအိမ် ၇၀၀ ခန့်လည်း ရွှံ့ညွန်များအတွင်း ပြိုကျပျက်စီးသွားခဲ့ရကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

နိုင်ငံတကာသတင်းအတိုအထွာ ၄-၉-၂၀၁၁

တင်မောင်လွင် – စုစည်းသည်

တရုတ်ကျောက်မီးသွေးတွင်း၌ ရေကြီး၊ ၁၀ ဦးသေဆုံး

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း စီချွမ်ပြည်နယ်တွင် စက်တင်ဘာ ၃ ရက်က ကျောက်မီးသွေးမိုင်းတွင်းတစ်တွင်း၌ ရေကြီးမှုဖြစ်ပွားရာ ၁၀ ဦး သေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိကြောင်း ဒေသအာဏာပိုင်များက အတည်ပြုပြောကြားသည်။ ကယ်ဆယ်ရေးအဖွဲ့သည် စက်တင်ဘာ ၃ ရက် ညနေက တာကျို့မြို့ရှိ ကျန်ကျို့ကျောက်မီးသွေးတွင်းမှ ရုပ်အလောင်း ၁၀ လောင်းအား ပြန်လည်ဆယ်ယူခဲ့ကြောင်း၊ ကျန်နှစ်ဦးမှာ မြေအောက် ပိတ်မိနေကြောင်း ပြည်နယ်ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားသည်။ ***အမ်အင်န်အေ၊ ဆင်ဟွာ***

ဘင်္ဂလားဒေ့ရှ်၌ ငါးဖမ်းသင်္ဘော တိမ်းမှောက်

ဘင်္ဂလားဒေ့ရှ်နိုင်ငံတောင်ပိုင်းရှိ ပက်မားမြစ်အတွင်း စက်တင်ဘာ ၃ ရက်က ငါးဖမ်းသင်္ဘောတစ်စင်း ကုန်အဆမတန် တင်ဆောင်လာမှုကြောင့် တိမ်းမှောက်နစ်မြုပ်သွားခဲ့ရာ အမျိုးသမီးနှင့် ကလေးများအပါအဝင် လူ ၂၀ ပျောက်ဆုံးလျက်ရှိကြောင်း အင်တာနက် သတင်းတစ်ရပ်၌ ဖော်ပြသည်။အဆိုပါ ငါးဖမ်းသင်္ဘောသည် ခရီးသည် ၁၀၀ ကျော် တင်ဆောင်လာခဲ့ခြင်းဖြစ်ကြောင်း၊ အများစုမှာ ကမ်းခြေကူးတို့ဆိပ်သို့ ရေကူးလာခဲ့ကြကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ *(အင်တာနက်)*

အာဖဂန်တွင် အကြမ်းဖက်သမား ၂၄ ဦး ဖမ်းဆီးခံရ

အာဖဂန်နစ္စတန်နိုင်ငံ၌ စက်တင်ဘာ ၃ ရက်က နေတိုးဦးဆောင်သော အကြမ်းဖက်နှိမ်နင်းရေး စစ်ဆင်ရေး၌ အာဖဂန်စစ်တပ်က ၂၄ နာရီအတွင်း အကြမ်းဖက်သမားငါးဦးအား သုတ်သင်ရှင်းလင်းပြီး ၂၄ ဦးအား ဖမ်းဆီးလိုက်ကြောင်း အာဖဂန်ကာကွယ်ရေး ဝန်ကြီးဌာနက ပြောကြားသည်။ အာဖဂန်အမျိုးသားတပ်ဖွဲ့ဝင်များသည် နိုင်ဂါဟာ၊ ဝါးဒတ်၊ ကောဗစ်၊ ဂတ်နီ၊ ဟယ်မန်းနှင့် ဟရတ်ခရိုင်များတွင် အဆိုပါ စစ်ဆင်ရေးကို ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ ***(အင်တာနက်)***

ဖလော်ရီဒါသူ အဘွားအိုတစ်ဦး မိကျောင်းကိုက်ခံရ

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ်တွင် ဩဂုတ် ၃၁ ရက် မွန်းလွဲပိုင်းက အသက် ၉၀ အရွယ်ရှိ အဘွားအိုတစ်ဦးသည် ၎င်း၏နေအိမ်ရှေ့ရှိ တူးမြောင်းတစ်ခုမှ မိကျောင်းခေါင်းတိုတစ်ကောင် တိုက်ခိုက်ဝါးမျိုခံရမှုကြောင့် သူမ၏ခြေထောက် ထိခိုက်သွားခဲ့ကြောင်း ဒေသအာဏာပိုင်များက စက်တင်ဘာ ၃ ရက်၌ ပြောကြားသည်။ ဒဏ်ရာများပြားမှုကြောင့် သူမ၏ ဘယ်ဘက်ခြေထောက် ဒူးအောက်ပိုင်းကို ဖြတ်တောက်ရမည်ဖြစ်ကြောင်း ဆရာဝန်များက ပြောကြားသည်။ (အင်တာနက်)

နောက်ဆုံးရ နိုင်ငံတကာသတင်း

မိုးမြင့်လင်းလက် – စုစည်းသည်

ရစ်ချ်တာစကေး ၇ အဆင့်ရှိ အင်အားပြင်းငလျင် ဗင်နွာတူနိုင်ငံတွင် လှုပ်ခတ်

စုဗား စက်တင်ဘာ ၄

ပစိဖိတ်ကျွန်းနိုင်ငံ ဗင်နွာတူတွင် စက်တင်ဘာ ၄ ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီ ၅၅ မိနစ်၌ ရစ်ချ်တာစကေး ၇ အဆင့်ရှိ အင်အားပြင်း ငလျင်လှုပ်ခတ်သွားကြောင်း မိုးလေဝသ နှင့်ဇလဗေဒပညာရှင်များ အတည်ပြုသည်ကို မီဒီယာများ၌ဖော်ပြသည်။



အမေရိကန် ဘူမိတိုင်းတာရေး စခန်းမှ တိုင်းတာရရှိသည့် ငလျင်လှုပ်ခတ်မှု လှိုင်းများအား တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ထိခိုက်ပျက်စီးမှုကို ချက်ချင်းမသိရသေးကြောင်းနှင့် ဆူနာမီသတိပေးချက် ထုတ်ပြန်ထားခြင်း မရှိကြောင်း၊ ဗင်နွာတူပြည်သူများအနေဖြင့် ယခုအင်အားပြင်း ငလျင်ဒဏ် ခံစားရဖွယ်ရှိကြောင်း အမေရိကန် ဘူမိတိုင်းတာရေးစခန်း တာဝန်ရှိသူများက ပြောကြားသည်။ ငလျင်မှာ အစ်အိန်ဂျယ်မြို့ အရှေ့တောင်ဘက် ၇၅ မိုင်အကွာ မြေအောက် ၈၂ ဒသမ ၃ မိုင်ခန့်၌ ငလျင်ဗဟိုပြုလှုပ်ခတ်ခဲ့ကြောင်း အဆိုပါတိုင်းတာရေးစခန်းက ငလျင်လှုပ်ပြီးပြီးချင်း ချက်ချင်းသတင်း ထုတ်ပြန်ခဲ့သည်။

မကြာခဏကြုံတွေ့

လွန်ခဲ့သော နှစ်ပတ် ဩဂုတ် ၂၁ရက်နေ့ကလည်း ဗင်နွာတူနိုင်ငံအနီး၌ ရစ်ချ်တာစကေး ၇ ဒသမ ၁ နှင့် ၇ ဒသမ ၄ ရှိ အင်အားပြင်းငလျင် နှစ်ကြိမ်လှုပ်ခဲ့သော်လည်း ဆူနာမီအငယ်စားသာ ဖြစ်ပေါ်ခဲ့ပြီး ထိခိုက်ပျက်စီးမှုသတင်း မရရှိခဲ့ချေ။ ဗင်နွာတူနိုင်ငံသည် ပစိဖိတ်ငလျင်စက်ကွင်းအတွင်းတည်ရှိသည့် ကျွန်းနိုင်ငံဖြစ်၍ အားပြင်းငလျင်များဒဏ် မကြာခဏကြုံတွေ့နေသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

တီဟီရန် စက်တင်ဘာ ၄

အီရန်နိုင်ငံမှ ပုဂ္ဂလိက လေကြောင်းလိုင်းတစ်လိုင်းဖြစ်သည့် မာဟန်လေကြောင်းလိုင်းမှ ခရီးသည်လေယာဉ်တစ်စင်းသည် လေယာဉ်ဦးပိုင်း၌ ရုတ်တရက် ပေါက်ကွဲမှုဖြစ်ပွားသဖြင့် အီရန်နိုင်ငံအရှေ့မြောက်ပိုင်း မက်ဟက်မြို့မြေပြင်သို့ စက်တင်ဘာ ၃ ရက်က အရေးပေါ်ဆင်းသက်ခဲ့ရကြောင်း အီရန်သတင်းဌာန အိုင်အာအင်န်အေက သတင်းထုတ်ပြန်သည်။

မတော်တဆမှုဖြစ်ပွား

မာဟန်အဲလေကြောင်းလိုင်းမှ ၎င်းလေယာဉ် **(ယာပုံ)** သည် ခရီးသည် ၂၃၀ ကို တင်ဆောင်ကာ တီဟီရန်မြို့မှ မက်ဟက်မြို့သို့ ဦးတည်ပျံသန်းလာစဉ် စက်တင်ဘာ ၃ ရက် ည ၁၀ နာရီခန့်က မတော်တဆမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

စုံစမ်းလျက်ရှိ

လေယာဉ်ခေါင်းပိုင်းမတော်တဆမှုဖြစ်ပွားပြီး မြေပြင်သို့ အရေးပေါ် ဆင်းသက်ခဲ့ရခြင်းဖြစ်ရာ ခရီးသည်အချို့ဒဏ်ရာရရှိခဲ့သည်။ ဒဏ်ရာရရှိသူများကို ဆေးရုံသို့ အမြန်ပို့ဆောင်ခဲ့ရသည်။ လေယာဉ်မှူးက လေယာဉ်ခေါင်းပိုင်းတွင် ပေါက်ကွဲမှုအသံကြားပြီးနောက် မြေပြင်သို့ လေယာဉ်အရေးပေါ်ဆင်းသက်နိုင်ခဲ့သဖြင့် ခရီးသည်များ အသက်မဆုံးရှုံးခဲ့ရခြင်းဖြစ်သည်။ လေယာဉ်မတော်တဆဖြစ်မှုနှင့်ပတ်သက်ပြီးစုံစမ်းလျက်ရှိသည်။ **(အင်တာနက်)**



တာလတ်စ်မုန်တိုင်း ဂျပန်အနောက်ပိုင်း၌ တိုက်ခတ် ၁၉ ဦးသေဆုံး၊ ၅၀ ကျော်ဒဏ်ရာရရှိ

တိုကျို စက်တင်ဘာ ၄

ဂျပန်နိုင်ငံ အနောက်ပိုင်းတွင် စက်တင်ဘာ ၄ရက်က တာလတ်စ် (Talas) အမည်ရှိ တိုင်ဖွန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်ခဲ့ရာ အနည်းဆုံး ၁၉ဦး သေဆုံးပြီး ၅၀ကျော် ပျောက်ဆုံးနေကြောင်း ဒေသဆိုင်ရာ မီဒီယာများက ဖော်ပြသည်။

ဝင်ရောက်

အဆိုပါမုန်တိုင်းသည် စက်တင်ဘာ ၃ရက်က ရှီကိုကူးကျွန်းသို့ဝင်ရောက်ခဲ့ပြီး မိုးသက် လေပြင်းများ ကျရောက်ခဲ့သည်။ လေတိုက်ခတ်နှုန်း တစ်နာရီ ၆၈ မိုင်နှုန်းဖြင့် ဝင်ရောက်ခဲ့ ခြင်းဖြစ်သည်။

ရေလွှမ်းမြေပြို

အဆိုပါ မုန်တိုင်းကြောင့် ဝါကာယားမားခရိုင် နာချီကာဆူရာမြို့ရှိ နာချီမြစ်ပေါ်မှ မီးရထားကူးတံတားတစ်စင်း ပျက်စီးသွားပြီး အဆိုပါခရိုင်နှင့် နာရာခရိုင်တို့တွင် ရေလွှမ်း မြေပြိုကာ ပျက်စီးဆုံးရှုံးမှုများ များပြားခဲ့သည်။ *(ဝဲပုံ)* ***ယခုအခါ ၎င်းမုန်တိုင်းသည် ဂျပန် နိုင်ငံကို ဖြတ်ကျော်ပြီး ဂျပန်ပင်လယ်အတွင်းသို့ ဝင်ရောက်သွားပြီဖြစ်ကြောင်း ဂျပန် မိုးလေဝသဌာနက ကြေညာသည်။*** *(အင်တာနက်)*

 ပြည်တွင်း လူမှု၊စီးပွားသတင်းပဒေသာ ပြည်တွင်း လူမှု၊စီးပွားသတင်းပဒေသာ

ဧရာဝတီတိုင်းဒေသကြီးရှိ ပေါင်းဆန်စက်ရုံ သုံးရုံမှ ထုတ်လုပ်သော ပေါင်းဆန်များ ရုရှားဈေးကွက်သို့တင်ပို့

ရန်ကုန် စက်တင်ဘာ ၄

ဖွဲ့နုအလွှာရှိ ဗီတာမင်များသည် ရေငွေ့နှင့်အတူ ဆန်အတွင်းပိုင်းသို့ ဝင်ရောက်သွားသောကြောင့် ရိုးရိုးဆန်ဖြူထက် ပရိုတင်း၊ ဗီတာမင်နှင့် သတ္တုဓာတ်များ ပိုမိုပါဝင်ပြီး အဆီဓာတ်ပါဝင်မှုလျော့နည်းခြင်း၊ ဗီတာမင် B1 ပိုမိုပါဝင်သဖြင့် ဘယ်ရီ ဘယ်ရီရောဂါများ မဖြစ်ပေါ်နိုင်ခြင်း၊ အိုးတက်မှုကြောင့် စားသုံးမှုပမာဏ လျော့ကျသွားသဖြင့် ဆီးချို၊ သွေးတိုးရောဂါအတွက် သင့်လျော်ခြင်းတို့ကြောင့် ပေါင်းဆန်သည် ပြည်ပဈေးကွက်တွင် မျက်နှာပန်းလှလျက်ရှိသည်။

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေး၊ ကျိုက်လတ်နှင့် အိမ်မဲမြို့တို့တွင် ပေါင်းဆန်စက်ရုံ သုံးရုံ တည်ဆောက်လည်ပတ်လျက်ရှိပြီး ဧရာဝတီတိုင်း ဒေသကြီးမှ ထွက်ရှိသော ပေါင်းဆန်များကို ရုရှားနိုင်ငံ ဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ပြီဖြစ်ကြောင်း သိရသည်။

ဘိုကလေးမြို့ အောင်ရတနာသန်း ဆန်စက်မှ စက်ပိုင်ရှင် ကိုမျိုးမင်းအောင်က "ပေါင်းဆန်စက်ရုံကို ၂၀၁၀ ခုနှစ်တွင် တည်ဆောက်ခဲ့ပြီး ၂၀၁၁ ခုနှစ် မေလတွင် စတင်လည်ပတ်ခဲ့ကြောင်း၊ မိမိတို့နိုင်ငံတွင် ဈေးကွက်မရှိသော်လည်း ပြည်ပဈေးကွက်တွင် ခေတ်စားလာသည်က တစ်ကြောင်း၊ မိမိတို့ နိုင်ငံတွင်လည်း ပေါင်းဆန်ထုတ်လုပ်နိုင်ကြောင်းကို သိစေချင်သည်ကတစ်ကြောင်းကြောင့် မိဘလက်ငုတ် တစ်နေ့တန် ၄၀ ကျဆန်စက် ရှိသော်လည်း ပေါင်းဆန်စက်ရုံကို ထပ်မံတည်ဆောက်ခြင်း ဖြစ်ကြောင်း၊ ပေါင်းဆန် ထုတ်လုပ်မှု အဆင့်ဆင့်မှာ စပါးကို အပူဖြင့် ရေစိမ်ပြီး အခိုးဖြင့် ပေါင်းရကြောင်း၊ ယင်းနောက် တင်း ၅၀၀ ဆံ့ အခြောက်ခံစက်ဖြင့် တစ်ရက်ကြာမျှ အခြောက်ခံရပြီး ဆန်အဖြစ် ပြန်ကြိတ်ရကြောင်း" ဖြင့် ရှင်းပြပါသည်။



ပြည်ပဈေးကွက်သို့ တင်ပို့မှုအနေဖြင့် "ရုရှားဈေးကွက်ကို ပထမဦးဆုံး ထိုးဖောက်တင်ပို့နိုင်ပြီဖြစ်ကြောင်း၊ ပထမအခေါက်တွင် ပေါင်းဆန် ၁၂၅ တန်နှင့် ဒုတိယအခေါက်တွင် ပေါင်းဆန် တန်၂၅၀ တင်ပို့ပြီးဖြစ်ကြောင်း၊ ယခု တတိယအခေါက်တင်ပို့ရန် စီစဉ်လျက်ရှိကြောင်း၊ ရုရှားမှ ဆန်ဝယ်ယူသူ (Buyer)များက ကမ္ဘာ့အဆင့်မီကြောင်းကို ပြောကြကြောင်း၊ ရုရှားအပြင် ဘင်္ဂလားဒေ့ရှ်ကလည်း ဝယ်ယူရန် အမှာစာများ ရောက်ရှိကြောင်း၊ ယခုလတ်တလော လုံးတီးအဆင့်သာ ဘိုကလေးတွင် ဆောင်ရွက်ပြီး ရန်ကုန်စက်၌ အချောကြိတ်ကြောင်း၊ နောင်တွင် တိုင်းဒေသကြီး အစိုးရ၏ ပံ့ပိုးမှုဖြင့် ဘိုကလေးစက်မှာပင် အချောကြိတ်ပြီး ပုသိမ်ဆိပ်ကမ်းမှ တစ်ဆင့် တိုက်ရိုက်တင်ပို့ရန် ကြိုးစားနေကြောင်း၊ စရိတ်စက ပိုသက်သာသွားမည် ဖြစ်ကြောင်း၊ ရုရှား ဈေးကွက်တွင် ပေါင်းဆန် တစ်တန်ကို အမေရိကန် ဒေါ်လာ ၄၈၀၊ ၄၉၀ ရကြောင်း၊ ယခုအနည်းဆုံး အမေရိကန်ဒေါ်လာ ၅၃၀ အထိ တိုးပေးသွားမည် ဟုကမ်းလှမ်းထားကြောင်း" ပြောကြားသည်။ အလုပ်အကိုင်အခွင့် အလမ်းများ ဖော်ဆောင်မှု အနေဖြင့် "မိမိတို့ ဆန်စက်၌ ပုံးထမ်း လုပ်သား ၈၀ နှင့် အမြဲတမ်းဝန်ထမ်း ၄၀ ရှိကြောင်း၊ စက်ပိုင်းဆိုင်ရာ ကြွခိုင်မှု ထိန်းသိမ်း ဆောင်ရွက်ချိန်မှ အပ အမြဲတမ်း စက်လည်ပတ် လျက်ရှိကြောင်း၊ ကုန်ကြမ်းစပါးများကို ဧရာဝတီတိုင်းဒေသကြီးမှပင် ဝယ်ယူကြောင်း၊ ပေါင်းဆန်ကို မိမိတို့နိုင်ငံ၌ စားလေ့စားထနည်းကြသော်လည်း အိန္ဒိယတွင် ၉၀ ရာခိုင်နှုန်းခန့် ပေါင်းဆန်ကို စားကြကြောင်း၊ လုပ်ငန်းအဆင်ပြေသည်နှင့်အမျှ ပေါင်းဆန်ထုတ်လုပ်မှုကို တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း" ပြောကြားသည်။ **တင်ထွေး(သတင်းစဉ်)**

ပုဂံဒေသ မြန်မာ့လက်မှု အနုပညာလုပ်ငန်းများ အသေးစားချေးငွေများကြောင့် တိုးတက်လာနိုင်

ကိုသစ္စာ

ရန်ကုန် စက်တင်ဘာ ၄

အသေးစား ချေးငွေထုတ်ပေးမှုကြောင့် မြန်မာ့ရိုးရာလက်မှုလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်လာနိုင်တယ်လို့ ပုဂံမြို့က ယွန်းထည်လုပ်ငန်းလုပ်ကိုင်သူ ဦးမောင်ရွှေက ပြောပြပါတယ်။

ပုဂံဒေသမှာ ငွေကြေးအရင်းအနှီးနည်းပါးလို့ ကျယ်ကျယ်ပြန့်ပြန့် မလုပ်ကိုင်နိုင်သူတွေနဲ့ အတတ်ပညာနဲ့ လုပ်ငန်းကျွမ်းကျင်ပေမယ့် အရင်းအနှီးမရှိလို့ အခြေအနေအရ တခြားမကျွမ်းကျင်တဲ့ အလုပ်တွေကို လုပ်နေကြရတဲ့သူတွေဟာ အခုလို ချေးငွေစနစ်ကြောင့် ယွန်းထည်လုပ်ငန်း၊ ရွှေချည် ငွေချည်ထိုးလုပ်ငန်းစတဲ့ ရိုးရာလက်မှုလုပ်ငန်းလုပ်ကိုင်သူတွေ များပြားလာမှာဖြစ်တယ်လို့ ဆိုပါတယ်။

ပုဂံဒေသ အနီးဝန်းကျင်ဖြစ်တဲ့ ညောင်ဦးမြို့ အပါအဝင် ရွာပေါင်း ၁၅ ရွာကျော်ခန့်မှာ တစ်ပိုင်တစ်နိုင် ယွန်းထည်လုပ်ငန်းနဲ့ ရွှေချည်ငွေချည်ထိုးလုပ်ငန်းစတဲ့ မြန်မာ့လက်မှုအနုပညာလုပ်ငန်း တတ်မြောက်သူ ၁၀၀ နီးပါးလောက် ရှိနေတာမို့ သူတို့တွေသာ အရင်းအနှီးရရှိလာကြမယ်ဆိုရင် မြန်မာ့လက်မှုအနုပညာလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်တယ်လို့ ဦးမောင်ရွှေက ပြောပြပါတယ်။

ပေါ်ထွက်လာမည်

ပုဂံဒေသဝန်းကျင်မှာ မြန်မာ့လက်မှုအနုပညာလုပ်ငန်းကို လုပ်ကိုင်သူဦးရေဟာ လက်ရှိအချိန်မှာ ၁၀ ဦးခန့်သာ ဖွံ့ဖြိုးတိုးတက်အောင် လုပ်ကိုင်နေကြတာ ဖြစ်ပါတယ်။ နောင်ဆိုရင် ချေးငွေလုပ်ငန်းကြောင့် ကမ္ဘာလှည့်ခရီးသွားတွေ လာရောက်လေ့လာမှုများတဲ့ ပုဂံမှာ မြန်မာ့လက်မှုအနုပညာပုံရိပ်ကို ဖော်ကျူးနိုင်တဲ့ လက်ရာပစ္စည်းတွေ အများအပြား ပေါ်ထွက်လာမှာ ဖြစ်ပါတယ်။

ယွန်းထည်ပစ္စည်း တစ်ခုရဲ့ တန်ဖိုးဟာ ငွေကျပ် ၅၀၀၀ ကျော်ရှိနေတာမို့ ချေးငွေကြောင့် လုပ်ငန်းလုပ်ကိုင်နိုင်သူဦးရေ တိုးပွားလာရင် အပြိုင်အဆိုင်လုပ်ငန်း လုပ်ကိုင်လာမှုကြောင့် ဈေးနှုန်းတွေလည်း ကျသွားမှာဖြစ်တဲ့အပြင် ယှဉ်ပြိုင်မှုလည်း ရှိလာမှာမို့ အရည်အသွေးမြင့်တဲ့ မြန်မာ့လက်မှု အနုပညာပစ္စည်းတွေ များများထွက်ပေါ်လာမှာ ဖြစ်ပါတယ်လို့ဆိုပါတယ်။ *(မြန်မာ့အလင်း)*

မိုဘိုင်းဖုန်းတွေ ဝယ်ကြမလား ဒါတွေသိထားဖို့လိုပါသည်

အများပြည်သူတွေဆက်သွယ်မှုလွယ်ကူစေဖို့ မြန်မာ့ဆက်သွယ်ရေးက မိုဘိုင်းဖုန်းတွေ တိုးချဲ့တပ်ဆင်ရေးလုပ်ငန်းအတွက် စာချုပ်တွေ ချုပ်ဆိုခဲ့တာကြောင့် မိုဘိုင်းဖုန်းသုံးစွဲလိုသူတွေ စိတ်ဝင်စားလာကြတယ်လို့ သိရပါတယ်။

အဆိုပါ မိုဘိုင်းဖုန်းတွေကို အသုံးပြုလိုကြတဲ့ ပြည်သူတွေအနေနဲ့ ဆက်သွယ်မှုကောင်းမွန်ပြီး သယ်ယူရလွယ်ကူတဲ့ ဖုန်းတွေအကြောင်းနဲ့ပတ်သက်ပြီး သိသင့်တဲ့ အချက်တွေကို မိုဘိုင်းဖုန်းဟန်းဆက်များ ပြုပြင်တင်သွင်းတဲ့ ပညာရှင်တစ်ဦးကို မြန်မာ့အလင်းမှ ဆက်သွယ်မေးမြန်းခဲ့ပါတယ်။

မေး။ ***မိုဘိုင်းဖုန်းသုံးဖို့အတွက် ဆက်သွယ်ရေးက ငှားရမ်းထားတဲ့ ဖုန်းအမျိုးအစားတွေနဲ့ ဈေးနှုန်းတွေကို သိလိုပါတယ်။***

ဖြေ။ *မြန်မာ့ဆက်သွယ်ရေးက အများပြည်သူများအတွက် ငှားရမ်းပေးတဲ့ မိုဘိုင်းဖုန်းအမျိုးအစားတွေက အဓိကကတော့ နိုင်ငံတကာမှာ သုံးစွဲနေတဲ့ ဂျီအက်စ်အမ်အမျိုးအစား၊ ကမ်းရိုးတန်းဒေသတွေနဲ့ ရေဒီယိုလှိုင်း ဖြတ်သန်းသွားလာနိုင်တဲ့ တောင်ပေါ်ဒေသတွေအတွက်သုံးတဲ့ စီဒီအမ်အေနဲ့ အရင်ကပေါ်ခဲ့တဲ့ ဆယ်လူလာဖုန်းတို့ပဲဖြစ်ပါတယ်။ ဈေးနှုန်းတွေကတော့ ကျပ် ၁၅ သိန်းသွင်းထားရတဲ့ ဂျီအက်စ်အမ်တွေက အခုအချိန်မှာ နံပါတ် ကောင်းမကောင်းပေါ်မူတည်ပြီး ကျပ်ခြောက်သိန်းကနေ ခုနစ်သိန်းဝန်းကျင်ဈေးနှုန်းရှိပါတယ်။ ယခုအသစ်ဖြစ်တဲ့ ငါးသိန်းတန် ဂျီတွေကတော့ ကျပ်ငါးသိန်းကို ထောင်ဂဏန်းစွန်းရုံနဲ့ အလွယ်တကူဝယ်ယူအသုံးပြုလို့ရပါပြီ။ အဆိုပါ ဖုန်းတွေကတော့ ဈေးကွက်မှာ အရောင်းအဝယ်မရှိ သလောက်ကို ရှားပါတယ်။ လျှောက်ထားရလွယ်ကူတဲ့အတွက် နံပါတ်အဟောင်းတွေ အရောင်းအဝယ်ဈေးဟာ ကျပ်ငါးသိန်းအောက်မှာပဲဖြစ်ပါတယ်။ ၂၀၀၇- ၂၀၀၈က ခေတ်စားခဲ့တဲ့ စီဒီအမ်အေ ၄၅၀ မဂ္ဂါဟက်ဇ်ဖုန်းတွေက ယခုအခါ ကျပ်ခြောက်သိန်းခွဲဝန်းကျင်ရှိပြီး ပြင်ပဈေးကွက်မှာတော့ အရောင်းအဝယ်မရှိသလောက်ရှားပါတယ်။ ကျပ်ငါးသိန်းသွင်းထားရတဲ့ စီဒီအမ်အေ ၄၅၀ မဂ္ဂါဟက်ဇ် ဖုန်းတွေကတော့ နေပြည်တော်ဖုန်းလို့ အများကခေါ်ကြပြီး နေရာမရွေး လိုင်းဆွဲအားကောင်းတဲ့အတွက် ကျပ်ငါးသိန်းလေးသောင်း ဝန်းကျင်အထိ ပြင်ပဖုန်းဈေးကွက်မှာ ဈေးမြင့်နေပါတယ်။ လက်ရှိမှာ ရန်ကုန်ဖုန်းလို့ လူသိများတဲ့ ကျပ်ငါးသိန်းတန် စီဒီအမ်အေ ၈၀၀ မဂ္ဂါဟက်ဇ် ဖုန်းတွေက မြန်မာ့ဆက်သွယ်ရေးကချထားပေးခြင်းမရှိတဲ့အတွက် အဝယ်လိုက်နေပါတယ်။ အီးဗွီဒီအို (အင်တာနက် အသုံးပြုခွင့်) ရထားတဲ့ စီဒီအမ်အေ ၈၀၀ ဖုန်းတွေကတော့ ရောင်းချလိုသူ ရှားပါးပြီး ကျပ်ခြောက်သိန်းခွဲကျော်အထိ ဈေးမြင့်နေတာကို တွေ့ရပါတယ်။*

မေး။ ***တယ်လီဖုန်းဆက်သွယ်ခ (ဖုန်းဘေလ်)တွေကို အွန်လိုင်းမှ ဝန်ဆောင်မှုပေးတဲ့ စနစ်အကြောင်းကို ရှင်းပြပေးပါဦး။***

ဖြေ။ *ဖုန်းဘေလ်ကို အွန်လိုင်းကနေ ဆောင်လို့ရတာက ရန်ကုန်နဲ့ မန္တလေးတို့လို မြို့ကြီးတွေမှာပဲရနေပါသေးတယ်။ အဲဒီဖုန်းဘေလ်ဆောင်ဖို့အတွက် AGD ဘဏ်မှာအကောင့်တစ်ခု ဖွင့်ထားဖို့ လိုအပ်ပါတယ်။ ဖုန်းတစ်လုံးကို တစ်ကြိမ်လျှင် ဝန်ဆောင်ခအနေနဲ့ ကျပ် ၅၀၀ ပေးသွင်းရပါတယ်။ အသေးစိတ်အချက်အလက်တွေကိုတော့ www.billing. yatanar-pon.com. mm မှာ ကြည့်ရှုနိုင်ပါတယ်။*

မေး။ ***စီဒီအမ်အေ တော့ပ်အပ် ငွေဖြည့်ကတ်သုံး ဖုန်းတွေမှာ ငွေလက်ကျန် (၀)ကျပ် ဖြစ်သွားရင် လိုင်းပြတ်သွားတယ်လို့ အပြင်မှာပြောနေကြတယ်။ ဟုတ်ပါသလား။***

ဖြေ။ *တော့ပ်အပ်ကတ်သုံးတဲ့ စီဒီအမ်အေဖုန်းတွေက လက်ကျန်ငွေနည်းလာရင် မက်စ်ဆေ့ချ်နဲ့ ငွေဖြည့်ဖို့ ပြောပါတယ်။ ဒါပေမယ့် ဆက်ပြီး သုံးလို့ရနေပါသေးတယ်။ နောက်ဆုံးငွေလက်ကျန်က (၀)ကျပ် ဖြစ်သွားပြီဆိုရင်တော့ ဖုန်းကအဝင်ရော အထွက်ရော၊ မက်စ်ဆေ့ချ်ပါ အသုံးပြုလို့မရတော့ပါဘူး။ လိုင်းကို မြန်မာ့ဆက်သွယ်ရေးက လုံးဝမဖြတ်ပါဘူး။ ထပ်မံပြီး သိရှိလိုတယ်ဆိုရင် နံပါတ် ၆၆ ကိုနှိပ်၊ send key နှိပ်ပြီး စုံစမ်းနိုင်ပါတယ်။*

မေး။ ***ဂျီအက်စ်အမ်တွေမှာရော ဒီလိုလိုင်းပြတ်တာတွေ၊ ပိတ်တာတွေရှိပါသလား။***

ဖြေ။ *ဂျီအက်စ်အမ်တွေလည်း စီဒီအမ်အေတွေလိုပါပဲ။ ဒါပေမယ့် လွန်ခဲ့တဲ့ ငါးလလောက်က ဖုန်းတစ်လုံးဘေလ်လက်ကျန်မရှိတော့လို့ ငွေဖြည့်တာမရတော့ပါဘူး။ လိုင်း ၁၂၃ ကိုနှိပ်၊ send key ကိုနှိပ်ပြီး စက်ကဖြေကြားတဲ့အတိုင်းကို complain center မှာ မေးမှပဲ အဆင်ပြေသွားပါတယ်။ စီဒီအမ်အေရော၊ ဂျီရောတစ်ခုခုဖြစ်လာရင် Network service provier (MPT) နဲ့ ပတ်သက်တဲ့အတွက် စုံစမ်းမေးမြန်းနိုင်ပါတယ်။*

မေး။ ***အသုံးများတဲ့ လက်ကိုင်ဖုန်းဟန်းဆက် အမျိုးအစားများကို သိပါရစေ။***

ဖြေ။ *အသုံးများတာကတော့ တရုတ်ကဝင်တဲ့ ဖုန်းတွေပေါ့။ နည်းပညာမြင့် Android OS အမျိုးအစားတွေကို အဓိကထား သုံးလာကြတယ်။ငွေသုံးနိုင်တဲ့သူတွေကတော့ စင်ကာပူ Made နဲ့ Branded တွေသုံးတာပေါ့။ Nokia နဲ့ Sony Ericsson တွေကိုတော့ Model အမြင့်ပိုင်းတွေသုံးကြတယ်။ စီဒီအမ်အေမှာ ၄၅၀ မဂ္ဂါဟက်ဇ်အတွက် အများသုံးကြတာက ZTE တံဆိပ်ကို သုံးတယ်။ ၈၀၀ မဂ္ဂါဟက်ဇ်ကျတော့ Huawei c8600 မျိုးကိုသုံးတယ်။ သူကတော့ Android OS လေ။ အများစုကတော့ ကျပ် ၁၀၀၀၀၀ တန်ဝန်းကျင်လောက်ကို သုံးကြတာ များပါတယ်။ ဟန်းဆက်တွေပျက်ရတာ အသုံးပြုသူနဲ့ ဆိုင်ပါတယ်။ ပုံမှန်အားဖြင့် လက်ကိုင်ဖုန်းသုံးမယ်ဆိုရင် ကိုယ်နဲ့လိုက်ဖက်မယ့် အမျိုးအစားကို ရွေးချယ်ဝယ်ယူသင့်ပါတယ်။ နောက်ဆုံးပေါ် မော်ဒယ်ဖြစ်နေပေမယ့် ကိုယ်နဲ့ မကိုက်ရင် အလကားပဲလေ။ ကိုယ်က Photo အတွက် သုံးချင်ပေမယ့် ဖုန်းက Music Specialize ဖြစ်နေတတ်တယ်။ တချို့ကျတော့ ဂိမ်းကောင်းကောင်းကစားချင်ကြတယ်။ ဒါမျိုးပေါ့။ သုံးစွဲနိုင်မယ့် ငွေပမာဏနဲ့ ကိုယ်အသုံးပြုချင်တဲ့ Function နဲ့ သေချာချိန်ဆပြီးမှ ဝယ်ယူသင့်ပါတယ်။ ဈေး အရမ်းပေါပြီး Function များတဲ့ အရည်အသွေး မမီတာမျိုးကို မသုံးသင့်ပါဘူး။*

မိုဘိုင်းဖုန်းနဲ့ ပတ်သက်လို့ ဖြေကြားချက်တွေက စိတ်ဝင်စားစရာပါပဲ။ ဒီလောက်ဆို မိုဘိုင်းဖုန်းဝယ်မယ့်သူတွေအတွက် ကြိုတင်သိထားရမယ့်အချက်တွေက ပြည့်စုံလုံလောက်ပြီလို့ ထင်ပါတယ်။ **(၁၅၀)**

မြန်မာ့အလင်း ပြည်တွင်း လူမှုစီးပွားသတင်းပဒေသာ
ပြည်တွင်း လူမှုစီးပွားသတင်းပဒေသာ

မြန်မာ့ဆန်သည့် မြန်မာ့အမျိုးသမီးဝတ်စုံ ဒီဇိုင်းပြပွဲ

သတင်းမှတ်စု-မိုးမြင့်လင်းလက်

ဓာတ်ပုံ-ကျော်မြင့်သန်း(လမ်းမတော်)

ရန်ကုန် စက်တင်ဘာ ၄

မြန်မာအမျိုးသမီးဝတ်စုံဖက်ရှင်ဒီဇိုင်းပြပွဲကို ရန်ကုန်မြို့ CHATRIUM ဟိုတယ် Ballroom ခန်းမမှာ စက်တင်ဘာ ၄ ရက် မွန်းလွဲ ၁ နာရီမှ ၄ နာရီအထိ ကျင်းပတဲ့အခါ နိုင်ငံကျော်ရုပ်ရှင်သရုပ်ဆောင်တွေနဲ့ အနုပညာရှင်တွေပါဝင်ဆင်နွှဲခဲ့ကြပါတယ်။ **(ယာပုံ)**

အမျိုးသမီးတွေအတွက် ခေတ်စားလာတဲ့ဖက်ရှင်ဒီဇိုင်းတွေကို မြန်မာအမျိုးသမီးဒီဇိုင်နာတွေက ပိုမိုလှပအောင်ဖန်တီးပေးမယ့်ပြပွဲမို့ စိတ်ဝင်စားစွာ လာရောက်အားပေးကြတဲ့ ပရိသတ်တွေလည်း မနည်းပါဘူး။

ဝတ်ဆင်ပြသ

ဒီပွဲမှာ ဒီဇိုင်နာတွေဖြစ်တဲ့ ဘုတ်ဘုတ်(မုံရွာ)၊ နုရည်ပွင့်၊ ငွေးငွေးတင် (Shimizu)၊ သက်သဉ္ဇာဆန်း၊ သဇင်ခင်၊ ချိုမာမောင်(ထီလာ)တို့ရဲ့ ဖက်ရှင်ဒီဇိုင်းမျိုးစုံ ၉၀ကျော်ကို မြန်မာအမျိုးသမီးသရုပ်ဆောင်တွေ ဝတ်ဆင်ပြသခြင်းပဲဖြစ်ပါတယ်။

ရုပ်ရှင်သရုပ်ဆောင် ပုလဲဝင်း၊ ပပဝင်းခင်၊ မျိုးစန္ဒီကျော်၊ ခင်ဇာခြည်ကျော်၊ လင်းဇာနည်ဇော်၊ ဆုရွှန်းလဲ့၊ ခရစ္စတီးနား၊ ချစ်စနိုးဦး၊ ပွင့်နဒီမောင်၊ ရတနာမိုင်၊ ဆုပန်ထွာ၊ သဇင် စတဲ့ အနုပညာရှင်တွေက မြန်မာဝတ်စုံဒီဇိုင်း၊ ရှေးမြန်မာဝတ်စုံဒီဇိုင်းနဲ့ ဒီနေ့ခေတ်ပေါ်ဒီဇိုင်းတွေကို ဝတ်ဆင်ပြီး ယဉ်ကျေးသိမ်မွေ့စွာနဲ့ ဝတ်ဆင်ပြသခဲ့တာဖြစ်ပါတယ်။

ပေါ်လွင်စေ

မြန်မာဆန်ဆန်နဲ့ ဝတ်စားဆင်ယင်တဲ့ အဝတ်အစားဒီဇိုင်းတွေဟာ မြင်သူလည်း မရိုင်းတာမို့ မြန်မာအမျိုးသမီးတွေရဲ့အလှကို ပေါ်လွင်စေပါတယ်။ ဒီလိုဖက်ရှင်ဒီဇိုင်းပြပွဲတွေ များများပြုလုပ်ပေးနိုင်ရင်တော့ မြန်မာအမျိုးသမီးတွေရဲ့ ခေတ်လွန်ဝတ်စားဆင်ယင်မှုတွေ တဖြည်းဖြည်းလျော့နည်းသွားနိုင်ပါတယ်။

မြန်မာအမျိုးသမီးတွေရဲ့ အဝတ်အစားဒီဇိုင်းကို ဖန်တီးပုံဖော်ကြတဲ့ ဒီဇိုင်နာတွေအနေနဲ့လည်း မြန်မာ့ယဉ်ကျေးမှုကိုမထိခိုက်စေတဲ့ ဖက်ရှင်ဒီဇိုင်းမျိုးတွေသာ ဖန်တီးသင့်တယ်လို့ ဒီပြပွဲကိုတက်ရောက်လာကြတဲ့သူတွေက သုံးသပ်ခဲ့ကြပါတယ်။

(မြန်မာ့အလင်း)

သက်တမ်းရင့်လေယာဉ်များ ၁၀နှစ် တစ်ကြိမ် လဲလှယ်နိုင်ရေး စီစဉ်သွားမည်

ရန်ကုန် စက်တင်ဘာ ၄

မြန်မာ့လေကြောင်းသည် လေကြောင်းဖြင့် ပြည်သူများခရီးသွားနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးခဲ့ရာ အစပိုင်းတွင် ၂၃ဦး လိုက်ပါနိုင်သည့် ဒါကိုတာ လေယာဉ်၊ ၄၄ ဦးလိုက်ပါနိုင်သည့် ဗိုင်းကောင့်လေယာဉ်များအသုံးပြု၍ ၁၉၇၆ ခုနှစ်အထိ ပြေးဆွဲပေးခဲ့သည်။ ထို့နောက် တွင်အော်တာလေယာဉ်များဖြင့် ပျံသန်းပြေးဆွဲပေးခဲ့ပြီး ၁၉၆၃ ခုနှစ်တွင် ဖော်ကာလေယာဉ်များကို အစားထိုးခဲ့ရာ ခရီးသည် ၄၄ ဦး စီးနင်းနိုင်သည့် F-27 လေယာဉ်များဖြင့် ဦးစွာအသုံးပြု ပြေးဆွဲပျံသန်းခဲ့သည်။ ယခုအခါ ခေတ်မီလေယာဉ်များဖြစ်သည့် ATR-42၊ ATR-72၊ MA-60 လေယာဉ်များဖြင့် ပျံသန်းပြေးဆွဲပေးလျက်ရှိသည်။

"မြန်မာ့လေကြောင်းအနေဖြင့် သက်တမ်းရင့်လေယာဉ်တွေကို နောင်ဆိုရင် ၁၀ နှစ် တစ်ကြိမ် လဲလှယ်နိုင်ရေး စီစဉ်သွားမှာဖြစ်ကြောင်း" သိရှိရသည်။

(ကိုအောင်)

မြန်မာ့အလင်း မှုခင်းသတင်း ၄-၉-၂၀၁၁

ဒိုင်နာကားနှင့် ဟိုင်းလတ်ကားတို့ မျက်နှာချင်းဆိုင်တိုက်

စက်တင်ဘာ ၃ ရက် မွန်းလွဲ ၁၂ နာရီ မိနစ် ၄၀ က ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် ပျဉ်းမပင်အုပ်စု U-M-H အထည်ချုပ်စက်ရုံရှေ့တွင် ယာဉ်တိုက်မှုဖြစ်ပွားသည်။

ဖြစ်စဉ်မှာ ယာဉ်မောင်းဦးမောင်မောင်ကြည်မောင်းနှင်လာသော သောက်ရေသန့်ဘူးများတင်ဆောင်လာသည့် ထ/. . . ဒိုင်နာကားသည် U-M-H အထည်ချုပ် စက်ရုံဘေး ယုဇနလမ်းမှ ပြည်လမ်းသို့အသွား ရန်ကုန်မှ ယာဉ်မောင်းကျော်စွာဦး မောင်းနှင်လာသည့် ယာဉ်အမှတ် ဏ/. . . ဟိုင်းလတ်မှော်ဘီကားနှင့်မျက်နှာချင်းဆိုင်တိုက်မိကြရာ ယာဉ်မောင်းနှစ်ဦးနှင့် ငါးဦးပေါင်း ခုနစ်ဦးဒဏ်ရာရရှိပြီး အင်းစိန်ဆေးရုံကြီးသို့ပို့ဆောင်စဉ် ယာဉ်မောင်းကျော်စွာဦးမှာ လမ်းတွင် သေဆုံးသွားကြောင်း သတင်းရရှိသည်။ သက်ဆိုင်ရာမှ အမှုကို အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (ဝ၁၄)

ပဲခူးတိုင်းဒေသကြီး ညောင်ခြေထောက်မြို့၌ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် နေအိမ်ပေါ်သို့ ကုက္ကိုပင်လဲကျ နှစ်ဦးသေဆုံး၊ လေးဦးဒဏ်ရာရ

ပဲခူးတိုင်းဒေသကြီး ညောင်ခြေထောက်မြို့၌ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ယမန်နေ့ နံနက် ၂ နာရီခွဲခန့်က ရပ်ကွက်(၁)ရှိ အင်ဖက်မိုး၊ ထရံကာ နေအိမ်တစ်လုံးပေါ်သို့ ကုက္ကိုပင်လဲကျခဲ့ရာ ဖခင်ဖြစ်သူ ဦးဝင်းသိန်းနှင့် သမီးဖြစ်သူမှာ ပွဲချင်းပြီးသေဆုံးခဲ့ပြီး မိခင်ဖြစ်သူနှင့်ကလေးသုံးယောက် စုစုပေါင်းလေးဦးမှာ ဒဏ်ရာရရှိ (မစိုးရိမ်ရ)ခဲ့သဖြင့် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ကုသပေးလျက်ရှိကြောင်း၊ ဒဏ်ရာရရှိသူများအား တာဝန်ရှိသူများက လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လဲကျခဲ့သည့်ကုက္ကိုပင်နှင့် ပျက်စီးမှုများကို ရပ်ကွက်နေပြည်သူများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများက ဝိုင်းဝန်းကူညီ ရှင်းလင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သိရှိရသည်။ *(သတင်းစဉ်)*

မိုင်းဖြတ်၌ ဘိန်းစိမ်းဖမ်းမိ

မိုင်းဖြတ်မြို့ ပူးပေါင်းစစ်ဆေးရေးဂိတ်၌ စက်တင်ဘာ ၂ရက် မွန်းလွဲ ၂ နာရီက စိုင်းအောင်ဘ (ဘ) ဦးဝီလာသ အသက် (၄၀) ဆေးသုတ်လုပ်ငန်းလုပ်ကိုင် တာချီလိတ်မြို့နေသူ မောင်းနှင်ပြီး ဇနီးဖြစ်သူ မအီအို (ဘ) ဦးကျင်စန်း အသက် (၄၁)နှစ် လိုက်ပါလာသည့် ထိုင်းနိုင်ငံထုတ် Wave အမျိုးအစား နီ/နက် စပ်ဆိုင်ကယ် အမှတ်/ တတ/----- အား ပူးပေါင်းအဖွဲ့ဖြင့်ရှာဖွေရာ မအီအို၏ မိန်းမကိုင် လက်ဆွဲအိတ်အတွင်းမှ အမြင့် ၄လက်မ၊ အကျယ် ၁ ဒသမ ၅ လက်မခန့်ရှိ ပလတ်စတစ်ဘူးအတွင်း ပလတ်စတစ်ဖြင့်ထုပ်လျက် အလေးချိန် ၈၀ ဂရမ်ခန့်ရှိ ဘိန်းစိမ်းတစ်ထုပ်နှင့် ထိုင်းနိုင်ငံသုံး ဘတ်ငွေ ၄၈၆၀အား ရှာဖွေတွေ့ရှိခဲ့သဖြင့် သက်ဆိုင်ရာရဲစခန်းက အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

နိုင်ငံတကာမျက်မှန် နိုင်ငံတကာမျက်မှန် နိုင်ငံတကာမျက်မှန် နိုင်ငံတကာမျက်မှန်

မောင်ချစ်ကြည် - စုစည်းသည်

ကိတ်ဝင်းစလက်နှင့် အင်တာဗျူး

လော့စ်အိန်ဂျလိစ် စက်တင်ဘာ ၄

ကမ္ဘာကျော်တိုက်တန်းနစ်ရုပ်ရှင်ကားနဲ့ ကမ္ဘာ့ပရိသတ်တွေ အားပေးမှုတစ်ခဲနက်ခံရပြီးနောက်ပိုင်း အောင်မြင်မှုတွေရရှိနေဆဲဖြစ်တဲ့ ဟောလိဝုဒ်ရုပ်ရှင်မင်းသမီးကိတ်ဝင်းစလက်ကို ဩဂုတ် ၃၁ ရက်က လော့စ်အိန်ဂျလိစ်မြို့ရောက်ခိုက်သတင်းထောက်တွေကလျှပ်တစ်ပြက်တွေ့ဆုံမေးမြန်းခဲ့ပါတယ်။

မေး - အသက်ဘယ်လောက်ရှိပြီလဲ။

ဖြေ - *၃၅ နှစ်။*

မေး - အိမ်ထောင်ရေးအခြေအနေ။

ဖြေ - *သားသမီးနှစ်ဦးရှိတယ်၊ ခင်ပွန်းကတော့ ဒါရိုက်တာဆမ်မင်းဒက်စ်ပေ့ါ။*

မေး - မျက်နှာခွဲစိတ်ကုသမှုခံယူဖူးလား၊ ဒါမှမဟုတ် ခွဲစိတ်ကုသဖို့ အစီအစဉ်ရှိပါသလား။

ဖြေ - *မရှိပါဘူး၊ နောက်ပိုင်းလည်းရှိမှာမဟုတ်ပါဘူး၊ ရုပ်ရှင်မင်းသမီးဖြစ်ပေမယ့် နဂိုမျက်နှာအတိုင်းပဲ ပင်ကိုသဘာဝအတိုင်းထားမှာပါ။*

မေး - ဘာဖြစ်လို့လဲ ရှင်းပြပါဦး။

ဖြေ - *ရုပ်ရှင်သရုပ်ဆောင် မင်းသမီးတစ်ဦးအနေနဲ့ မျက်နှာ အပါအဝင် ခန္ဓာကိုယ်အချိုးအဆစ်လှပဖို့ လိုအပ်တာမှန်ပါတယ်။ ဒါပေမယ့် ပရိသတ်တွေလက်ခံနိုင်တဲ့ သရုပ်ဆောင်အရည်အသွေး အမြဲတမ်းတိုးတက်နေဖို့က ပိုပြီးလိုအပ်တယ်လို့ ထင်ပါတယ်။*

မေး - အတူတွဲလုပ်နေတဲ့ ရုပ်ရှင်မင်းသမီးတွေထဲမှာ မျက်နှာခွဲစိတ်မှုလုံးဝမလုပ်တဲ့သူတွေရှိလား။

ဖြေ - *ရှိပါတယ်၊ နီးစပ်တဲ့သူတွေထဲမှာ ရုပ်ရှင်မင်းသမီးအမ်မာသွမ်ပဆင်နဲ့ ရေချယ်ဝီဇ်တို့ ဖြစ်ပါတယ်။ အမ်မာသွမ်ပဆင်ဆိုရင် အသက် ၅၂ နှစ်ရှိပြီ ဖြစ်ပေမယ့် ခွဲစိတ်အလှပြင်မှုမလုပ်ပါဘူး။ ရုပ်ရှင်မင်းသမီးရေချယ်ဝီဇ်လည်း အသက် ၄၂နှစ်ရှိပါပြီ၊ ခွဲစိတ်အလှပြင်မှု မလုပ်ဖူးပါဘူး။ ကျန်တဲ့ ရုပ်ရှင်မင်းသမီးတွေလည်း ရှိကြမှာပါ။*

မေး - လက်ရှိ သရုပ်ဆောင်နေတဲ့ ဇာတ်ကားတွေကို ပြောပြပါဦး။

ဖြေ - *Camage နဲ့ Movie-43 ဇာတ်ကားတွေဖြစ်ပါတယ်။ အဲဒီရုပ်ရှင်နှစ်ကားစလုံး ၂၀၁၂ ခုနှစ်မှာ ရုံတင်ပြသနိုင်ဖို့ စီစဉ်ထားပါတယ်။ နောက်ပြီး အဲဒီဇာတ်ကား နှစ်ကားစလုံး ကျွန်မကိုယ်တိုင် ပူးတွဲရိုက်ကူးထုတ်လုပ်တာဖြစ်ပါတယ်ဟု ရုပ်ရှင်မင်းသမီး ကိတ်ဝင်းစလက်က ဖြေကြားသွားပါကြောင်း။*

(အင်တာနက်)

နီကိုလပ်ကိတ်ချ်၏ Frank or Francis ဇာတ်ကားရုံတင်မည်

လော့စ်အိန်ဂျလိစ် စက်တင်ဘာ ၄



ဟောလိဝုဒ်ရုပ်ရှင်မင်းသား နီကိုလပ်ကိတ်ချ်ရဲ့ Frank or Francis ရုပ်ရှင်ဇာတ်ကားကို အမေရိကန်နိုင်ငံတစ်ဝန်းမှာ မကြာမီရုံတင်ပြသတော့မှာ ဖြစ်ပါတယ်။ ဒီဇာတ်ကားကို ပြီးခဲ့တဲ့ ဇူလိုင် ၂၂ ရက်ကမှ အပြီးသတ်ရိုက်ကူးနိုင်ခဲ့တာဖြစ်တဲ့အတွက် အသေးစိတ်တည်းဖြတ်မှုတွေ ပြုလုပ်နေတယ်လို့ ဆိုပါတယ်။

ကြိုးစားနေ

ဒီရုပ်ရှင်ကားဟာ သည်းထိတ်ရင်ဖို အက်ရှင်ဇာတ်ကားဖြစ်ပြီး ရုပ်ရှင်မင်းသား နီကိုလပ်ကိတ်ချ်(ယာပုံ)***ရဲ့ ပီပြင်တဲ့ သရုပ်ဆောင်မှုတွေကြောင့် ပရိသတ်တွေက ရုံတင်မပြခင်ကတည်းက စိတ်ဝင်စားမှုရှိနေကြပြီဖြစ်ပါတယ်။ နီကိုလပ်ကိတ်ချ်ဟာ THE CROODS လို့ အမည်ပေးထားတဲ့ ရုပ်ရှင်ကားကိုလည်း ရိုက်ကူးနေပြီး လာမယ့် ၂၀၁၃ ခုနှစ်မှာ ရုံတင်ပြသနိုင်အောင် ကြိုးစားနေပါတယ်။***

ရိုက်ကူးထုတ်လုပ်

ဒီဇာတ်ကားကို နီကိုလပ်ကိတ်ချ်က သရုပ်ဆောင်ရော ထုတ်လုပ်သူအဖြစ်ပါ တာဝန်ယူပြီး လုပ်ကိုင်တာမို့ ထူးခြားတဲ့ရုပ်ရှင်ဇာတ်ကားဖြစ်ပါတယ်။ အသက် ၄၇ နှစ် အရွယ်ရှိပြီဖြစ်တဲ့ နီကိုလပ်ကိတ်ချ်ဟာ သရုပ်ဆောင်၊ ထုတ်လုပ်သူသာမက ဒါရိုက်တာလည်း လုပ်ဆောင်နေတာမို့ ပရိသတ်အကြိုက် ဇာတ်ကားတွေကိုလည်း ရိုက်ကူးထုတ်လုပ်နေတာဖြစ်ပါတယ်။ ဒါကြောင့်မို့ ၂၀၁၁ ခုနှစ်အတွင်းမှာ ရုပ်ရှင်ကားလေးကား ရိုက်ကူးခဲ့ပြီး လာမယ့် ၂၀၁၂ ခုနှစ်မှာတော့ ရုပ်ရှင်ဇာတ်ကားသုံးကား ရုံတင်ပြသနိုင်အောင် ကြိုးစားနေပါတယ်။ *(အင်တာနက်)*

ဘဏ်လုပ်ငန်းကဏ္ဍဖွံ့ဖြိုးမှု အရှိန်အဟုန်မြင့်မားစေရန် ဘဏ်ဝန်ဆောင်မှုလုပ်ငန်းအသစ်များ တိုးချဲ့လုပ်ကိုင်

ရန်ကုန် စက်တင်ဘာ ၄

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဘဏ်များကြီးကြပ်ရေးကော်မတီက ကြီးမှူးဖွင့်လှစ်သော မြန်မာနိုင်ငံဘဏ်သင်တန်းကျောင်း (ရန်ကုန်)၏ ဘဏ်လုပ်ငန်း ဒီပလိုမာသင်တန်းအမှတ်စဉ်(၄) သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲအခမ်းအနားကို စက်တင်ဘာ ၃ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ် မြန်မာနိုင်ငံဘဏ်များအသင်း အဆောက်အအုံ ဇမ္ဗူရာဇ်ရွှေစင်ခန်းမ၌ ကျင်းပရာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းနှင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေတို့ တက်ရောက်ကြသည်။

တိုးချဲ့လုပ်ကိုင်

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးဦးလှထွန်းက အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရ၏ဦးဆောင်မှုဖြင့် တောင့်တင်းခိုင်မာသည့်ဘဏ်စနစ်ဖြစ်ပေါ်စေရန် ဆောင်ရွက်လျက်ရှိရာ အဓိကကျသည့် လုပ်ငန်းဆောင်ရွက်မှုအရည်အသွေးမြင့်မားစေရန်အတွက် အထွေထွေဘဏ်လုပ်ငန်းသင်တန်းများသာမက ဒီပလိုမာအဆင့်ချီးမြှင့်သည့်သင်တန်းများ ဖွင့်လှစ်ပေးနေခြင်းဖြစ်ကြောင်း၊ ဘဏ်လုပ်ငန်းကဏ္ဍဖွံ့ဖြိုးမှု အရှိန်အဟုန်မြင့်မားစေရန် ဘဏ်ဝန်ဆောင်မှုလုပ်ငန်းအသစ်များကို တိုးချဲ့လုပ်ကိုင်နိုင်ရန်စီစဉ်ဆောင်ရွက်လျက်ရှိရာ သင်တန်းသားများအပါအဝင် တာဝန်ရှိသူများက ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေး ကြိုတင်ပြင်ဆင်ထားကြရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ယခု သင်တန်းဆင်းဂုဏ်ပြုပွဲကျင်းပခဲ့သော မြန်မာနိုင်ငံဘဏ်သင်တန်းကျောင်း(ရန်ကုန်)၏ ဘဏ်လုပ်ငန်းဒီပလိုမာသင်တန်းအမှတ်စဉ်(၄)တွင် နိုင်ငံတော်ပိုင်ဘဏ်နှင့်ပုဂ္ဂလိကဘဏ်များမှ အရာထမ်း၂၇ ဦး၊ ဘဏ်လုပ်ငန်းကဏ္ဍ စိတ်ပါဝင်စားသူ ၃၈ ဦးတို့သည် ကာလတစ်နှစ်ကြာ ဘဏ်လုပ်ငန်းနှင့် ငွေရေးကြေးရေးဆိုင်ရာဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများ၊ စီးပွားရေးစီမံခန့်ခွဲမှုဆိုင်ရာပညာရပ်များ၊ လုပ်ထုံးလုပ်နည်းများကို ဝါရင့်စီးပွားရေးပညာရှင်များ၊ ဘဏ်လုပ်ငန်းပညာရှင်များထံမှ ဆည်းပူးသင်ယူလေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



အမှာစကားပြောကြား

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း ဘဏ်လုပ်ငန်းဒီပလိုမာသင်တန်းအမှတ်စဉ်(၄) သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲအခမ်းအနား၌ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီး (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် စက်တင်ဘာ ၄

ရန်ကုန်တိုင်းဒေသကြီး (၁၈) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၃ ရက် နံနက် ၉ နာရီတွင် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) အနုပညာခန်းမ(၁)၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးစီးကော်မတီ နာယက ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမြင့်ဆွေ တက်ရောက်၍ ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ယင်းနောက် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)က ရေးစပ်သီကုံးသည့် "ခွန်းဆင့်ပဏာ တေးသံသာ" တေးသီချင်းကို ကျောင်းသား ကျောင်းသူများက အဆို၊ အကဖြင့်လည်းကောင်း၊ "ပွဲဦးအစ ပခန်းအက" ယိမ်း၊ "ပုဂံယိမ်းအက"နှင့်" ဦးရွှေရိုး ဒေါ်မိုးအက" တို့ဖြင့်လည်းကောင်း သီဆိုကပြဖျော်ဖြေကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။ ပြိုင်ပွဲများကို စက်တင်ဘာ ၃ ရက်နှင့် ၄ ရက်တို့တွင် ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

(အောက်ပုံ)

မူဆယ်၌ ယာဉ်စည်းကမ်း လမ်းစည်းကမ်း အသိပညာပေး ဟောပြောပွဲကျင်းပ

မူဆယ် စက်တင်ဘာ ၄

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်ခရိုင် မြို့တော်ခန်းမ၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၁၆ ရက် မွန်းလွဲ ၂ နာရီက ကျင်းပရာ မူဆယ်မြို့နယ်ရဲတပ်ဖွဲ့မှူး တင်သိန်းက အမှာစကားပြောကြားပြီး သုံးဘီးမော်တော်ယာဉ်အသင်း အတွင်းရေးမှူး ဦးနော်ဒေါင်၊ ယာဉ်ထိန်းတာဝန်ခံ ဒုတိယရဲအုပ် ကျော်စိုးအောင်၊ ခရိုင်ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဦးစီးဌာန ဦးစီးမှူးဦးထွန်းလင်းနှင့် မြို့နယ်မထသ ဒုတိယဥက္ကဋ္ဌ ဦးမျိုးခိုင်တို့က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် ပတ်သက်၍ ပညာပေးဟောပြောခဲ့ကြကြောင်းသိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

နေ့ညအရပ်အနားမရှိ ပို့ဆောင်လျက်ရှိသည့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး

ရန်ကုန် စက်တင်ဘာ ၄

ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ ဧရာဝတီမြစ်အတွင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းများကို ၁၈၅၂ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ထို့နောက် ချင်းတွင်းမြစ်နှင့်သံလွင်မြစ်အတွင်း၌လည်း ရေကြောင်းပို့ဆောင်ရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်ခဲ့သည်။

၁၉၄၈ ခုနှစ် ဇွန် ၁ရက်တွင် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည် နိုင်ငံပိုင်အဖွဲ့အစည်းဖြစ်လာခဲ့သည်။ ၁၉၈၉ခုနှစ် ဧပြီ ၁ ရက်မှစ၍ ပို့ဆောင်ရေးဝန်ကြီးဌာန၏ ပို့ဆောင်ခြင်းဖြင့် စီးပွားမြှင့်အံ့ ဆောင်ပုဒ်ကို လမ်းညွှန်အဖြစ်ခံယူဆောင်ရွက်ခဲ့ရာ ယခုအခါ စက်ရှိ၊ စက်မဲ့ ရေယာဉ်ပေါင်း ၄၂၉ စင်း၊ ခရီးစဉ်ပေါင်း ၅၂ ခု၊ ပို့ဆောင်ရေးဌာနခွဲ ခြောက်ခုဖြင့် နေ့စဉ်ခရီးသည် ၂၇ သန်းကျော်၊ ကုန်တန်ချိန်လေးသန်းကျော်ကို နေ့ညအရပ်အနားမရှိ ပို့ဆောင်ပေးလျက်ရှိကြောင်း သိရှိရသည်။ **(စိုးမင်း-သတင်းစဉ်)**

မြိုင်ကြီးငူဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဆောင်ရွက်ပေး

နေပြည်တော် စက်တင်ဘာ ၄

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းသည် ဩဂုတ် ၂၉ ရက်တွင် လှိုင်းဘွဲ့မြို့နယ် ထော်ရွဲကျေးရွာအနီး မိုးစပါးစိုက်ခင်းများအတွင်း တောင်သူများ စုပေါင်းသဘာဝမြေသြဇာကြဲပက်နေမှုကို ကြည့်ရှုအားပေးပြီး တောင်သူများနှင့် တွေ့ဆုံသည်။

ဆက်လက်၍ လှိုင်းဘွဲ့မြို့နယ် တခွက်ဖိုးကျေးရွာအနီး ရေကြီးနစ်မြုပ်ခဲ့သော မိုးစပါးစိုက်ခင်းများအား သဘာဝမြေသြဇာ စုပေါင်းကြဲပက်နေမှုနှင့် စုပေါင်းပြန်လည်စိုက်ပျိုးနေမှုတို့ကို ကြည့်ရှုအားပေးပြီး တောင်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ မြေသြဇာများ ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ကြည့်ရှုအားပေး

ထို့နောက် မြိုင်ကြီးငူ ပီလောပီန်စံပြစိုက်ခင်း စတင်စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးပြီး ပီလောပီန်ကိုင်းများကို စတင်စိုက်ပျိုးပေးသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်သည် မြိုင်ကြီးငူ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း အဆင့်မြင့်စက်ချုပ်သင်တန်းအမှတ်စဉ် (၁/၂၀၁၁)နှင့် အခြေခံအိမ်တွင်းမှု သင်တန်းအမှတ်စဉ် (၂/၂၀၁၁)သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားပြီး သင်တန်းသူများအတွက် ကုလားပဲ၊ အာလူး၊ ကြက်သွန်နီ၊ နှမ်း၊ ငါးပိ စသည်တို့ကို ကျောင်းအုပ်ဆရာမကြီးထံထောက်ပံ့လှူဒါန်းကာ သင်ထောက်ကူပစ္စည်းများဖြင့် သင်တန်းသူများသင်ယူလေ့ကျင့်နေမှုနှင့် သင်ကြားနေမှုတို့ကို ကြည့်ရှုအားပေးသည်။ အဆိုပါသင်တန်းတွင် အခြေခံသင်တန်းသူ ၅၀၊ အဆင့်မြင့်သင်တန်းသူ ၂၀ စုစုပေါင်း ၇၀ တက်ရောက်ကြသည်။

ထောက်ပံ့လှူဒါန်း

ထို့မှတစ်ဆင့် မြိုင်ကြီးငူဒေသ သံလွင်မြစ် အနောက်ဘက်ကမ်းနှင့် အရှေ့ဘက်ကမ်းရှိ ကျေးရွာများမှ ဆင်းရဲသောကလေးများအား စုပေါင်းပညာသင်ကြားပေးနေမှုကို ကြည့်ရှုအားပေးပြီး ကလေးများအတွက် ကျောင်းဝတ်စုံများနှင့် တိုင်းရင်းသားရိုးရာဝတ်စုံများ ထောက်ပံ့လှူဒါန်းကာ ကလေးများအာဟာရဖွံ့ဖြိုးရေးအတွက် ပဲနို့များတိုက်ကျွေးပေးခဲ့သည်။

အခမဲ့စမ်းသပ်

ယင်းနောက် မြိုင်ကြီးငူမြို့အတွင်းလှည့်လည်ကြည့်ရှုပြီး မြတ်ပန်းဝတ်မှုံခန်းမဆောင်၌ မြိုင်ကြီးငူဒေသမှ သက်ကြီးရွယ်အိုဒေသခံ အဘိုး/အဘွားများအား အဝတ်အထည်များ ပေးအပ်လှူဒါန်း၍ အဆိုပါခန်းမဆောင်၌ ပြည်နယ်ပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများ၏ မြိုင်ကြီးငူဒေသခံတိုင်းရင်းသားတိုင်းရင်းသူများနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံများအား ကျန်းမာရေးစောင့်ရှောက်မှုအဖြစ် ဆေးဝါးအခမဲ့ စမ်းသပ်ကုသပေးနေမှုကို ကြည့်ရှုအားပေးကာ မျက်စိဝေဒနာရှင်များအား မျက်မှန်များအခမဲ့တပ်ဆင်ပေးသည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ဒေသခံအိမ်ထောင်စုများအား အဝတ်အထည်၊ အစားအသောက်များကို ထောက်ပံ့ပေးအပ်ကြသည်။

ထို့နောက် လူမှုရေးအသင်းအဖွဲ့ဝင်များက ကလေးသူငယ်များအား အာဟာရအဖြစ် နို့ဆန်ပြုတ်တိုက်ကျွေးခြင်း၊ ငါးနှစ်အောက်ကလေးများအား ဘီတာမင် (အေ)ဆေး တိုက်ကျွေးခြင်း၊ သန်ချဆေး တိုက်ကျွေးခြင်းများ ဆောင်ရွက်ကြသည်။

ထို့မှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်သည် မြိုင်ကြီးငူ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသော နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲအခမ်းအနားသို့တက်ရောက်၍ နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ကျောင်းအုပ်ဆရာကြီးထံပေးအပ်ပြီး လှိုင်းဘွဲ့မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးအရာရှိက အိမ်ထောင်စုစာရင်းများကို မြိုင်ကြီးငူမြို့ပြအုပ်ချုပ်ရေးမှူးထံ ပေးအပ်သည်။

ယင်းနောက် ဘားအံမြို့၌ကျင်းပသည့် အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၊ အခြေခံအိမ်တွင်းမှုသင်တန်း အမှတ်စဉ်(၂၇)၊ အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ်(၂၄)သင်တန်းများ ဖွင့်ပွဲအခမ်းအနားသို့တက်ရောက်အမှာစကားပြောကြားကာ သင်တန်းသူများစားသုံးရန် ကုလားပဲ၊ အာလူး၊ ကြက်သွန်နီ စသည့် မီးဖိုဆောင်သုံးအစားအသောက်များကို ကျောင်းအုပ်ဆရာမကြီးထံ ထောက်ပံ့လှူဒါန်းသည်။ အဆိုပါ အခြေခံအိမ်တွင်းမှုသင်တန်း အမှတ်စဉ်(၂၇)တွင် သင်တန်းသူ ၇၃ ဦးနှင့် အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ် (၂၄)တွင် သင်တန်းသူ ၁၅ ဦး စုစုပေါင်း ၈၈ ဦးတို့ တက်ရောက်ကြသည်။

ထို့နောက် ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသော ကရင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျော့နည်းပပျောက်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မုတ်သုံလေ အားကောင်းမည်

နေပြည်တော် စက်တင်ဘာ ၄

ယနေ့နံနက်၉နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင်နေရာကျဲကျဲ၊ ပဲခူးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင်နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာခဲ့ပြီး မွန်ပြည်နယ်တွင်ဒေသအလိုက် မိုးကြီးခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော်တို့တွင် အများအားဖြင့် မုတ်သုံလေအားကောင်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံမိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ အများအားဖြင့် မုတ်သုံလေအားကောင်းမည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

ရန်ကုန်-ပြည်လမ်း ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ
ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့် ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၄

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်သည် စက်တင်ဘာ ၃ ရက် နံနက် ၈ နာရီခွဲတွင် မက်စ်မြန်မာကုမ္ပဏီက B.O.T စနစ်ဖြင့် ဆောင်ရွက်လျက်ရှိသော ရန်ကုန်-ပြည်လမ်း ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးရာ မိုင်တိုင်အမှတ် (၁၀၂/၆) နှင့် (၁၀၂/၇) အကြား၌ ၁၈ ပေအကျယ် ကတ္တရာကွန်ကရစ်ထပ်ပိုးလွှာတင်ခြင်းလုပ်ငန်းများ အဆင့်ဆင့်ဆောင်ရွက်နေမှုနှင့် မိုင်တိုင်အမှတ်(၉၃/၄)နှင့် (၉၃/၅) အကြား ကတ္တရာကွန်ကရစ်ထပ်ပိုးလွှာတင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ လမ်းအပိုင်းလိုက် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**

ထို့နောက် သာယာဝတီမြို့ရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ခရိုင်အင်ဂျင်နီယာမျှူးရုံး၌ ခရိုင်အင်ဂျင်နီယာမျှူးနှင့် ဝန်ထမ်းများအားတွေ့ဆုံ၍ မိမိခရိုင်အတွင်းရှိ လမ်း-တံတားများ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရန်၊ သစ်သားတံတားများနေရာတွင် ကွန်ကရစ်တံတားများ အစားထိုးဆောင်ရွက်ရန်၊ အဓိကကျသည့် လမ်းများကို ဦးစားပေးဆောင်ရွက်ရန်နှင့် မိုးကြီး၍ပျက်စီးသွားသည့် လမ်း/တံတားများရှိပါက အမြန်ဆုံးပြင်ဆင်သွားရန်၊ မိမိတာဝန်ယူဆောင်ရွက်သည့် လုပ်ငန်းများကို တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရန်၊ ဝန်ထမ်းများအနေဖြင့် အလုပ်ကို ညီညီညွတ်ညွတ်ဖြင့် လုပ်ကိုင်ဆောင်ရွက်ရန်၊ ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျနေထိုင်ရန်နှင့် ဝန်ထမ်းများလုပ်ငန်းခွင်ကျွမ်းကျင်စေရန် သင်တန်းများတက်ရောက်ရန် တို့ကိုမှာကြားခဲ့ပြီး ခရိုင်အင်ဂျင်နီယာမှူးရုံး အဆောက်အအုံများကို လိုက်လံ ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

■ *ကျောဖုံးမှ*

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်းသည် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း အထွေထွေမန်နေဂျာ ဦးသိန်းဦး၊ ရတနာပုံတယ်လီပို့ ဒုတိယအမှုဆောင်အရာရှိချုပ် ဦးမြင့်ဦးနှင့် တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးသည် နေပြည်တော်အမြန်လမ်းမကြီးအသုံးပြုခ ကောက်ခံရေးစခန်း၌ ဆက်သွယ်ရေးဆိုင်ရာ လိုအပ်ချက်များကို ဖြည့်ဆည်းပေးခဲ့ပြီး ဆက်သွယ်မှုပိုမိုကောင်းမွန်စေရန်အတွက် Toll Gate အနီး၌ GSM မိုဘိုင်းစခန်းတစ်ခု ထပ်မံတပ်ဆင်ပေးရန် ဆောင်ရွက်ခဲ့သည်။

မှာကြား

ဆက်လက်၍ အမြန်လမ်းမကြီးမိုင်တိုင်အမှတ်(၂၁၀/၆) သရက်စိုက်ပျိုးရေးဇုန်(၁)၌ GSM မိုဘိုင်းရေဒီယိုစခန်းတည်ဆောက်နေမှု၊ မိုင်တိုင်အမှတ် (၂၂၀/၃)ရဲစခန်းအနီး၌ GSM ရေဒီယိုစခန်း တည်ဆောက်နေမှု၊ မိုင်တိုင်အမှတ် (၂၃၅)နှင့် မိုင်တိုင်အမှတ်(၂၅၆)တို့၌ တည်ဆောက်ပြီးစီးသွားသော GSM ရေဒီယိုစခန်းနှစ်ခုတွင် နေရောင်ခြည်စွမ်းအားသုံး ဓာတ်အားပေးစနစ်ဖြင့် မိုဘိုင်းစက်ပစ္စည်းများလည်ပတ်နေမှုတို့ကိုကြည့်ရှုစစ်ဆေးပြီး မိုဘိုင်းဆက်သွယ်ရေးစက်ပစ္စည်းများအနေဖြင့် နေရောင်ခြည်စွမ်းအားသုံးစက်ပစ္စည်းများဖြင့် ဓာတ်အားလုံလောက်မှုရှိ/မရှိ စစ်ဆေးရန်နှင့် စက်သုံးဆီသုံးအင်ဂျင်များအစား နေရောင်ခြည်စွမ်းအားကို ပိုမိုသုံးစွဲကြရန်မှာကြားသည်။

ပြည်ထောင်စုဝန်ကြီးသည် အမြန်လမ်းမကြီးပေါ်ရှိ သီကုန်းယာဉ်ရပ်နားစခန်းနှင့် ပျော်ဘွယ်မြို့တို့၌ တည်ဆောက်ပြီး စက်မှုအဆောက်အအုံတွင် GSM စက်ပစ္စည်းများ အမြန်တပ်ဆင်သွားနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



ကျောင်းကုန်းနှင့်ငါးသိုင်းချောင်းမြို့နယ်ခွဲရှိ ရေဘေးသင့်ပြည်သူများအား
ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ထောက်ပံ့ပစ္စည်းများပေးအပ်

နေပြည်တော် စက်တင်ဘာ ၄

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်သည် စက်တင်ဘာ ၃ ရက် နံနက်ပိုင်းတွင် ကျောင်းကုန်းမြို့ အမှတ်(၁)ရပ်ကွက်ရှိ ရေဘေးကယ်ဆယ်ရေးစခန်း၌ ကျင်းပသော ရေဘေးသင့် အိမ်ထောင်စုများအား ထောက်ပံ့ပစ္စည်းများပေးအပ်ပွဲ အခမ်းအနားသို့တက်ရောက်၍ တာဝန်ရှိသူများနှင့်အတူ အမှတ်(၁)ရပ်ကွက်မှ ရေဘေးသင့်အိမ်ထောင်စု ၁၂၆ စုနှင့် အမှတ်(၃)ရပ်ကွက်မှ အိမ်ထောင်စု ၁၃စုတို့အတွက် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊ မြန်မာနိုင်ငံကြက်ခြေနီ အသင်းနှင့် လူမှုရေးအသင်းအဖွဲ့များမှ လှူဒါန်းသောထောက်ပံ့ပစ္စည်းများနှင့် ငွေကျပ် ၁၀ သိန်းတို့ကို ကျောင်းကုန်းမြို့နယ် အုပ်ချုပ်ရေးမှူးထံ ပေးအပ်သည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒါးကမြစ်အတွင်း မြစ်ရေကြီးမှု အခြေအနေများကို စက်လှေဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ငါးသိုင်းချောင်းမြို့နယ်ခွဲ သောင်ကြီးကျေးရွာအုပ်စု တက်ဆိပ်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)၌ ကျင်းပသောရေဘေးသင့်အိမ်ထောင်စုများအားထောက်ပံ့ပစ္စည်းများ ပေးအပ်ပွဲ အခမ်းအနားသို့တက်ရောက်ပြီး ကျေးရွာအုပ်စု ၁၀အုပ်စုမှ အိမ်ထောင်စု ၃၃၉ စုတို့အား ထောက်ပံ့ပစ္စည်းများပေးအပ်ကြသည်။ **(အပေါ်ပုံ)**

ပေးအပ်လှူဒါန်း

ယင်းနောက် တက်ဆိပ်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)သို့သွားရောက်၍ ကျောင်းနံရံများ ပြုပြင်ရန်ငွေကျပ် သုံးသိန်းနှင့် ဆရာဆရာမများအတွက် ထောက်ပံ့ငွေကျပ် တစ်သိန်းတို့ကို ကျောင်းအုပ်ဆရာမကြီးထံ ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

◆ *ကျောဖုံးမှ*

ချိုမာနှင့်ခင်မာအေးတို့က တစ်စုံတစ်ခုကို သတိတရဖြင့် ပြောလိုက်၏။ "ဟဲ့ နင်မှတ်မိသေးလား။ ဒီ

"အခုတံတားသစ်ကြီး ဖွင့်လှစ်နိုင်တဲ့အတွက် အားလုံးအဆင်ပြေသွားကြပါပြီ။ မြန်အောင်နဲ့ ထူးကြီးကိုသွားရတာ ခဏလေးပါပဲ"။ ဦးလှဝင်း ကျောင်းအုပ်ဆရာကြီး ညောင်ချင်ကျေးရွာ အ.မ.က

တံတားဟောင်းကြီးပေါ်က ဓာတ်ဆီတင်တဲ့ကားကြီး ပြုတ်ကျသွားတာလေ။"

စကားသွက်လှသူ နွဲ့ယဉ်ဝင်းကလည်း အားကျမခံ "အံမယ်၊ ငါပြောပြလို့ သိတဲ့သူကများ။ အဲဒီတုန်းကလမ်းပိတ်သွားလို့ တို့တစ်တွေ ဖောင်နဲ့ကူးရတာ ဘယ်လောက်ဒုက္ခရောက်ကြသလဲ။"

အပြုံးပန်းတွေဝေ

သံကူကွန်ကရစ်တံတားအသစ်ကြီးကိုငုံ့ကြည့်ရင်း သူတို့အားလုံး၏ မျက်နှာတွင် အပြုံးပန်းတွေပြိုင်တူပွင့်ဝေသွားခဲ့ကြသည်။

တစ်ဆက်တည်းမှာပင် နွဲ့ယဉ်ဝင်းက "တို့တစ်တွေ အရင်ကလို ကားကြီးလာရင် တံတားထိပ်က ရပ်မစောင့်ရတော့ဘူး။ မိုးရွာရွာ၊ နေပူပူ၊ မိုးအုံ့အုံ့၊ မိုးချုပ်ချုပ် သွားလို့ရပြီ။ ငါတော့အလွန်ဝမ်းသာတာပဲ။ ဒါကြောင့် ဖွင့်ပွဲနေ့က မိုးရွာတဲ့ကြားထဲကနေ မရောက်ရောက်အောင် ဖွင့်ပွဲအခမ်းအနားကို ငါလာတက်တာပေါ့။"

မှန်ပါသည်။ ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် အင်္ဂပူမြို့နယ် ဟင်္သာတ - ဆုံကုန်း - မြန်အောင်လမ်းပေါ်ရှိ မူလမမြချောင်းတံတားမှာ အရှည်ပေ ၁၅၀ (ပေ ၄၀သစ်သားတံတား+ ပေ၄၀ ဘေလီတံတား + ပေ ၇၀သစ်သားတံတား) ဖြစ်ပြီး တံတားအကျယ်မှာ၁၂ပေသာ ရှိခဲ့သည်။

"တံတားသစ်ကြီးဖွင့်နိုင်ခဲ့လို့ စိတ်ထဲမှာပျော်ရွှင်မိတယ်၊ လမ်းပိုင်းတွေပြီးသွားရင် ပိုပြီးဖွံ့ဖြိုးလာဦးမှာပါ"။ ဆရာမဒေါ်ယဉ်ရွေး ဘုရားငုတ်တိုကျေးရွာ အ.လ.က (ခွဲ)

၂၀၁၁ခုနှစ် ဧပြီ ၂၈ ရက်က ဖွင့်လှစ်လိုက်သော တံတားအသစ်မှာမူ သံကူကွန်ကရစ်တံတား အမျိုးအစားဖြစ်ပြီး အရှည်ပေ ၁၉၀၊ အကျယ်ပေ ၃၀ ရှိသည်။

တံတားအောက် ရေလမ်းကင်းလွတ်နယ် အကျယ် ၅၈ ပေနှင့် အမြင့် ၃ ပေဖြစ်ပြီး ခွင့်ပြုယာဉ်တန်ချိန်မှာ တန် ၆၀ ဖြစ်သည်။

ဆောင်ရွက်ပြီးစီး

နောင်တိုးတက်လာမည့် ယာဉ်စီးရေများနှင့် လိုက်လျောညီထွေဖြစ်ပြီး အချိန်တိုအတွင်း အန္တရာယ်ကင်းစွာ ဖြတ်သန်းသွားလာနိုင်ရန် ရည်ရွယ်၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရလက်ထက်တွင် ပေ ၁၈၀ နှင့်အထက် တံတားကြီးအဖြစ် ပထမဦးဆုံး ဆောင်ရွက်ပြီးစီးဖွင့်လှစ်ပေးခဲ့သော တံတားဖြစ်ပေသည်။

သို့မို့ကြောင့် ဒေသခံပြည်သူများကလည်း အမြတ်တနိုးတန်ဖိုးထားခဲ့ကြ၏။ ခရီးသွားပြည်သူတိုင်းကလည်း အဟောဝတ ချမ်းသာစွဟု ကျူးရင့်တတ်ကြ၏။

အားလုံးအဆင်ပြေ

မြန်အောင်မြို့နယ် ထိန်သေးကြီးကျေးရွာနေ ညောင်ချက်ကျေးရွာ အခြေခံပညာ မူလတန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးလှဝင်းက "တံတားအဟောင်းကကားကြီးတွေသွားရင်အဆင်မပြေလှဘူး။ဆိုင်ကယ်၊ စက်ဘီးတွေလည်း သွားသာသွားရတာ အန္တရာယ်ရှိတယ်။ လွန်ခဲ့တဲ့ ခုနစ်နှစ်၊ ရှစ်နှစ်က တံတားကျိုးသွားလို့ ဟိုဘက်ကမ်းနဲ့ ဒီဘက်ကမ်းကို အလုပ်သမားနဲ့ ကုန်တွေသယ်ခဲ့ရဖူးတယ်။ အခုတံတားသစ်ကြီး ဖွင့်လှစ်နိုင်တဲ့အတွက် အားလုံးအဆင်ပြေသွားကြပါပြီ။ မြန်အောင်နဲ့ထူးကြီးကို သွားရတာခဏလေးပါပဲ။ ဟင်္သာတ-ဆုံကုန်း - မြန်အောင်လမ်းကိုလည်း ကုမ္ပဏီတွေအများကြီးနဲ့ တိုးတက်ပြုပြင်မှုတွေ လုပ်နေတာတွေ့ရလို့ ဒေသခံပြည်သူတွေ ဝမ်းမြောက်ပီတိဖြစ်နေကြပါတယ်"ဟု ပြောကြားသည်။

ဆက်လက်၍ ထူးကြီးကျေးရွာနေ ဦးငွေစိုးက "မမြချောင်းက ရေစီးသန်တော့ တံတားဟောင်းက ဟိုယိမ်း၊ ဒီယိမ်းနဲ့ သွားရတာအဆင်မပြေဘူး၊ ပြင်လည်းခဏပဲလေ။ ဒါကြောင့် တံတားသစ်ကြီးဆောက်ကတည်းက ကြည်နူးဝမ်းမြောက်မိတယ်၊ ဆန္ဒပြည့်ဝခဲ့ပါပြီ" ဟူ၍လည်းကောင်း၊ ဘုရားငုတ်တိုကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)မှ ဆရာမဒေါ်ယဉ်ရွေးကလည်း "ကျောင်းသွားတိုင်း ဒီတံတားဟောင်းကို ဖြတ်သွားရပါတယ်။ တံတားပေါ်ရောက်တိုင်း စက်ဘီး၊ ဆိုင်ကယ်တွေကို ဆင်းပြီး တွန်းရတယ်။ တံတားသစ်ကြီးဖွင့်နိုင်ခဲ့လို့ စိတ်ထဲမှာ ပျော်ရွှင်မိပါတယ်။ လမ်းပိုင်းတွေပြီးသွားရင် ပိုပြီးဖွံ့ဖြိုးလာဦးမှာပါ" ဟူ၍လည်းကောင်း၊ ဘုရားငုတ်တိုကျေးရွာနေ ကိုဖိုးချိုကလည်း "ထူးကြီးက ကြက်ဒိုင်မှာ ကြက်သွားပို့မလို့ပါ။ တံတားသစ်ကြီး ပြီးသွားတဲ့အတွက် ထူးကြီးကို စက်ဘီးနဲ့သွားရတာ ခဏလေးပါပဲ" ဟူ၍လည်းကောင်း သူတို့၏ ရင်တွင်းခံစားချက်များကို အသီးသီး ပြောကြားခဲ့ကြသည်။

ဤလမ်း၊ ဤစခန်းနှင့်ဆိုလျှင်ဖြင့် ဒေသခံပြည်သူတို့အတွက် ရွှေပြည်တော် မျှော်တိုင်းမဝေးတော့ပါဟု ဆိုပါရစေ။ ။

ဟင်္သာတ-ဆုံကုန်း- မြန်အောင်လမ်းပိုင်းအား စက်ယန္တရားကြီးများဖြင့် ဤသို့ဆောင်ရွက်နေကြသည်။



ဩဂုတ် ၂၇ရက်က ဗိုလ်သင်တန်းကျောင်းအမှတ်စဉ် (၉၃)မှ ကျောင်းဆင်းအရာရှိများက ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ အလှူငွေ ကျပ်သုံးသိန်း ပေးအပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ်အတွင်းရှိ ကျေးရွာများ၌ သောင်းကျန်းသူများက ဝင်ရောက်ပစ်ခတ်မှုကြောင့် အပြစ်မဲ့ပြည်သူသုံးဦးသေဆုံး

နေပြည်တော် စက်တင်ဘာ ၄

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ် ဝမ်တုံကျေးရွာသို့ စက်တင်ဘာ ၃ ရက် ည ၈ နာရီတွင်လည်းကောင်း၊ ဝမ်တောင်းကျေးရွာသို့ ယင်းနေ့ ည ၈ နာရီခွဲတွင်လည်းကောင်း သောင်းကျန်းသူများက ဝင်ရောက်ပစ်ခတ်ခဲ့ရာ အပြစ်မဲ့ပြည်သူသုံးဦး သေဆုံးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အင်းလေးကန်ရေရှည်တည်တံ့စေဖို့ ဝိုင်းဝန်းကာကွယ်ထိန်းသိမ်းစို့

မောင်သစ်တော

အာဆီယံယဉ်ကျေးမှုအမွေအနှစ် အင်းလေးကန်

အင်းလေးကန်သည် မြန်မာနိုင်ငံ၏ ကုန်းတွင်းရေအိုင်ကြီးများအနက် ဒုတိယ အကြီးဆုံးရေအိုင်ကြီးဖြစ်ပြီး အာဆီယံယဉ်ကျေးမှုအမွေအနှစ်အဖြစ် သတ်မှတ်ခြင်းခံရသော ကျော်ကြားလှသည့် သဘာဝရေအိုင်ကြီး ဖြစ်ပါသည်။ ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးခရိုင် ညောင်ရွှေမြို့နယ်အတွင်း ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၂၈၈၀ အမြင့်တွင် တည်ရှိသည်။ တန်ခိုးကြီးဘုရားများ၊ ထူးခြားသော ရေလယ်ရွာကြီးများ၊ ရေပေါ်ကျွန်းမျောစိုက်ခင်းများ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများ၊ ရေတိမ်ဒေသဂေဟစနစ်နှင့် ဇီဝမျိုးစုံမျိုးကွဲများ တည်ရှိမှုကြောင့် မြန်မာနိုင်ငံနှင့် ကမ္ဘာအနှံ့အပြားမှ ခရီးသွားဧည့်သည် အများဆုံးလာရောက်လည်ပတ်သော ရေအိုင်ကြီးလည်းဖြစ်သည်။

အင်းလေးကန်သည် ဒေသခံတိုင်းရင်းသားများအတွက် မရှိမဖြစ် သဘာဝ သယံဇာတ အမွေအနှစ်တစ်ခု ဖြစ်သည်။ ဒေသခံပြည်သူများ၏ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရိုးရာလက်မှုလုပ်ငန်းများ အပါအဝင် ခရီးသွားလုပ်ငန်းများအားလုံး အင်းလေးကန်ကိုအခြေပြု၍ ဆောင်ရွက်ကြရသည်။ ထို့ကြောင့် အင်းလေးကန်သည် ဒေသဖွံ့ဖြိုးရေးအတွက် မရှိမဖြစ်သော ကုန်းတွင်းရေအိုင်ကြီးဖြစ်သကဲ့သို့ မြန်မာနိုင်ငံ၏ အကြီးဆုံး ရေအားလျှပ်စစ်စွမ်းအားထုတ်လုပ်ပေးရာ လောပိတရေအားလျှပ်စစ်စက်ရုံ၏ အဓိကရေအရင်းအမြစ်တစ်ခုဖြစ်သောကြောင့် မြန်မာနိုင်ငံသားတိုင်းအတွက် အဖိုးမဖြတ်နိုင်သော ရတနာရေကန်ကြီးလည်းဖြစ်ပါသည်။

ဇီဝမျိုးကွဲစုံလင် အင်းလေးကန်ဝန်းကျင်

အင်းလေးကန်သည် ဇီဝမျိုးစုံမျိုးကွဲပေါကြွယ်ဝသည့် ရေတိမ်ဒေသ(Wet Land) တစ်ခုလည်းဖြစ်သည်။ ကန်ရေပြင်နှင့် ရေဝပ်ဧရိယာများတွင် ရေတိမ်ဒေသပေါက်ပင်များဖြစ်သော ရေညှိ၊ ရေမှော်၊ ရေမျောပင်များ၊ ရွှံ့နွံတောများ၊ ကိုင်းမြက်တောများ၊ ရေကြိုက်သစ်ပင်ကြီးများ ပေါက်ရောက်ကြပြီး ကန်ဝန်းကျင်တွင် အထက်ရွက်ပြတ်ရောနှောတောများ၊ အင်တိုင်းတောများ၊ တောင်ပေါ်တောများ၊ ထင်းရှူးတောများနှင့် တောင်ပေါ်မြက်ခင်းများ ပေါက်ရောက်သည်။ ဂေဟစနစ်စုံလင်လှသဖြင့် အပင်နှင့်တိရစ္ဆာန် ဇီဝမျိုးစုံမျိုးကွဲတို့မှာလည်း ဂေဟစနစ်အလိုက် စုံလင်စွာတွေ့ရသည်။ အပင်မျိုးရင်း ၁၆၉ မျိုး၊ မျိုးစု ၈၆၉ မျိုးနှင့် မျိုးစိတ် ၁၆၈၈ မျိုး ရှာဖွေမှတ်တမ်းတင်ထားပြီး ဖြစ်သည်။ ထို့အပြင် အင်းလေးကန်ဒေသတွင် ဒေသမျိုးရင်း ဆေးဖက်ဝင်ပရဆေးပင်ပေါင်း ၅၂၇ မျိုးနှင့် သစ်ခွမျိုး ၂၁၇ မျိုး ပေါက်ရောက်လျက်ရှိသည်။ ရေတိမ်ဒေသဖြစ်သည်နှင့်အညီ ရေပျော်ငှက်အမျိုးမျိုး၊ ဆောင်းခိုငှက်အမျိုးမျိုးနှင့် ငါးမျိုးစိတ်အမျိုးမျိုးတို့ နေထိုင်ကျက်စားရာ ဒေသတစ်ခုဖြစ်သဖြင့် ဂေဟစနစ်တန်ဖိုးမြင့်မားသော နေရာဒေသဖြစ်သည်။ ထို့ကြောင့် ၁၉၈၅ ခုနှစ် နိုဝင်ဘာလတွင် အင်းလေးကန်အား တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော သဘာဝထိန်းသိမ်းရေးနယ်မြေအဖြစ် သတ်မှတ်၍ ထိန်းသိမ်းကာကွယ်ခဲ့ပါသည်။

သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးလာမှုများ

အင်းလေးကန်၏ ရေဝေရေလဲဧရိယာသည် ၂၁၆၆ ဒသမ ၈ စတုရန်းမိုင် (ဧက ၁၃ သိန်း ၈ သောင်းကျော်) ကျယ်ဝန်းသည်။ သစ်တောဖုံးလွှမ်းမှု အသင့်အတင့်ကောင်းမွန်သောနေရာများတွင် မြေတိုက်စားမှု အနည်းငယ်သာရှိသော်လည်း သစ်တောပြုန်းတီးနေသောနေရာများတွင် မြေတိုက်စားမှုပြဿနာများ ဆိုးရွားစွာဖြစ်ပေါ်လျက်ရှိသည်။ ရေဝေရေလဲဧရိယာအတွင်း သစ်တောများပြုန်းတီးသောကြောင့်လည်းကောင်း၊ အင်းလေးကန်အတွင်း စီးဝင်သော သဲနုန်းများကြောင့်လည်းကောင်း၊ တောင်ကမ်းပါးယံများ မိုးရေတိုက်စားပြီး သဲနုန်းများ အင်းလေးကန်အတွင်းသို့ ဝင်ရောက်မှုကြောင့်လည်းကောင်း၊ တောင်စောင်းများတွင် ထွန်ယက်စိုက်ပျိုးမှုကြောင့်လည်းကောင်း၊ ရွှေ့ပြောင်းတောင်ယာ စိုက်ပျိုးခြင်းများကြောင့်လည်းကောင်း၊ စိုက်ပျိုးမြေများ ကန်အတွင်းတိုးချဲ့လာမှုများကြောင့်လည်းကောင်း၊ အမှိုက်သရိုက်များ စွန့်ပစ်ခြင်းကြောင့်လည်းကောင်း၊ ကန်ရေအောက်ကြမ်းပြင်တွင် ရေညှိ၊ ရေမှော်များ၊ ဗေဒါများ တိုးပွားအနည်ထိုင်လာခြင်းဖြင့်လည်းကောင်း၊ ကန်အတွင်း သဘာဝကျွန်းမျောရိုင်းများ တိုးပွားလာခြင်းကြောင့်လည်းကောင်း အင်းလေးကန် တဖြည်းဖြည်း တိမ်ကောလာရခြင်းဖြစ်သည်။ အင်းလေးကန် တိမ်ကောလာမှုနှင့်အတူ ကန်၏ ရေလှောင်နိုင်မှုစွမ်းရည်မှာလည်း တဖြည်းဖြည်း လျော့နည်းလာပြီး ဘီလူးချောင်း ရေအားလျှပ်စစ်ထုတ်လုပ်မှုကို ထိခိုက်နိုင်သည့်အခြေအနေတွင် ရှိနေပါသည်။ တစ်ချိန်တည်းမှာပင် အင်းလေးကန်ပတ်ဝန်းကျင်ရှိ သဘာဝအလှအပများသည်လည်းကောင်း၊ မှီတင်းနေထိုင်သည့် သားငှက်တိရစ္ဆာန်များသည်လည်းကောင်း အင်းလေးကန်နှင့်အတူ တစ်စတစ်စ ပျောက်ကွယ်သွားမည့် အခြေအနေသို့ ရောက်ရှိနေပါသည်။

ရာသီဥတုပြောင်းလဲမှု၏ အကျိုးဆက်များ

အင်းလေးကန်၏ မူလရေပြင်အကျယ်သည် ၁၀၀ စတုရန်းမိုင်ခန့်ရှိခဲ့သော်လည်း ၂၀၁၀ ခုနှစ် တိုင်းထွာချက်အရ ရေပြင်အကျယ် ၂၄ စတုရန်းမိုင်နှင့် ကန်၏ ရေအနက်ဆုံးနေရာတွင် မိုးရာသီ၌ ၁၂ ပေ၊ နွေရာသီတွင် ခြောက်ပေခန့် ရှိပါတော့သည်။ သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးလာမှုများကြောင့် အင်းလေးကန် တဖြည်းဖြည်း တိမ်ကောလာရသည့် အခြေအနေတွင် ရာသီဥတုပြောင်းလဲမှု အကျိုးဆက်များကလည်း အင်းလေးကန်၏အခြေအနေကို ပိုမိုဆိုးရွားစေခဲ့သည်။ ကမ္ဘာ့ရာသီဥတု ပြောင်းလဲမှုနှင့်အတူ ၂၀၀၉ ခုနှစ်တွင် မြန်မာနိုင်ငံ၌ မိုးရွာသွန်းမှုနည်းပါးခြင်း၊ ၂၀၁၀ ခုနှစ်တွင် မြန်မာနိုင်ငံ၌ နှစ်(၅၀)အတွင်း စံချိန်တင်ပူပြင်းခဲ့ခြင်းနှင့် မုတ်သုံမိုးနောက်ကျခြင်း၊ မိုးရွာသွန်းမှုနည်းပါးခြင်းတို့ကြောင့် ရှမ်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးများတွင် ရေခန်းခြောက် ရှားပါးမှုနှင့် ကြုံတွေ့ခဲ့ရသည်။ အဆိုပါအခြေအနေတွင် အင်းလေးကန်၌ ရေထိန်းထားမှု အနည်းဆုံးဖြစ်ကာ ရေပြင်ပမာဏ အလျော့နည်းဆုံးအနေအထားသို့ ရောက်ရှိခဲ့သည်။ အပူချိန်ပြင်းထန်မှုနှင့်အတူ ရေများခန်းခြောက်သွားသဖြင့် ရေတိမ်ပိုင်းများသည် ကုန်းမြေကမ်းစပ်အဖြစ် ပြောင်းလဲသွားခြင်း၊ ကန်အတွင်း သောက်သုံးရေရှားပါးခြင်း၊ သွားလာရေး၊ သယ်ယူပို့ဆောင်ရေးခက်ခဲသွားမှုကြောင့် ရေလမ်းကြောင်းများ တူးဖော်ဖောက်လုပ်သွားလာရခြင်း၊ အချို့ကျွန်းမျောများ ကုန်းသေအဖြစ်သို့ ပြောင်းလဲသွားခြင်း၊ ငါးရှားပါးလာခြင်း၊ ပြည်တွင်းပြည်ပ ခရီးသွားလုပ်ငန်း ကျဆင်းသွားခြင်းတို့ဖြစ်ပေါ်စေခဲ့သည်။ ဒေသခံပြည်သူများ၏ လူမှုရေး၊ စီးပွားရေးနှင့် ခရီးသွားလုပ်ငန်းများကို ထိခိုက်စေခဲ့သည်။ ထို့ကြောင့် လူသားများ၏ ပယောဂကြောင့်လည်းကောင်း၊ ရာသီဥတုပြောင်းလဲမှုကြောင့်လည်းကောင်း အကြောင်းအမျိုးမျိုးကြောင့် ပျက်စီးတိမ်ကောလာသော အင်းလေးကန်နှင့် ပတ်ဝန်းကျင်ရေဝေရေလဲဒေသအား အရှိန်အဟုန်ဖြင့် အချိန်မီ ထိန်းသိမ်းကာကွယ်ရန် လိုအပ်လာပါသည်။

အင်းလေးကန် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ

အင်းလေးကန် ရေရှည်တည်တံ့စေရေးအတွက် ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများကို ခေတ်အဆက်ဆက်ကပင် ဆောင်ရွက်ခဲ့သည်။ ၁၉၃၇ ခုနှစ်တွင် သစ်တောဦးစီးဌာနက မြေယာထိန်းသိမ်းရေးအဖွဲ့ ဖွဲ့စည်း၍ မြေဆီလွှာတိုက်စားမှုများ ကာကွယ်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊ ၁၉၄၇ မှ ၁၉၄၉ အတွင်း မြေဆီလွှာတိုက်စားမှုမှ ကာကွယ်ခြင်းလုပ်ငန်းများနှင့် ဒေသခံပြည်သူများအား ပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ၁၉၅၁ ခုနှစ်တွင် ရှမ်းပြည်နယ် မြေကာကွယ်ပြုစုရေးအက်ဥပဒေကို ထုတ်ပြန်ခဲ့ခြင်း၊ ၁၉၈၆ မှ ၁၉၉၆ ခုနှစ်အထိ ကာလအတွင်း ရေဝေရေလဲထိန်းသိမ်းရေး၊ ပတ်ဝန်းကျင်ဂေဟစနစ်တည်ငြိမ်စေရေး၊ စားနပ်ရိက္ခာဖူလုံရေး၊ သီးနှံသစ်တောစိုက်ခင်း တည်ထောင်ခြင်းနှင့် ဝင်ငွေတိုးအခွင့်အလမ်းဖော်ထုတ်ရေးစီမံကိန်းများကို ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့(FAO)၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP)၊ ဂျပန်နိုင်ငံ အခြေစိုက် Karamosia အပါအဝင် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဆက်စပ်အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။ ၂၀၁၀ ခုနှစ် ဇွန်လတွင် နော်ဝေနိုင်ငံ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး မြန်မာနိုင်ငံသို့ လာရောက်စဉ်အတွင်း အင်းလေးကန် ရေရှည်တည်တံ့စေရေးအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းစဉ်များကို ဆွေးနွေးညှိနှိုင်းခဲ့ပြီး ယခုအခါ စီမံကိန်းများ ပူးပေါင်းအကောင်အထည်ဖော်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

သစ်တောဦးစီးဌာနအနေဖြင့် အင်းလေးကန် မိုင် ၂၀ ဝန်းကျင် သစ်တော၊ ရေမြေ၊ သားငှက်တိရစ္ဆာန်ထိန်းသိမ်းကာကွယ်ရေးစီမံကိန်း၏ ပထမငါးနှစ်ကို ၂၀၀၀-၂၀၀၁မှ ၂၀၀၄-၂၀၀၅အထိလည်းကောင်း၊ ဒုတိယငါးနှစ်စီမံကိန်းကို ၂၀၀၅-၂၀၀၆ မှ ၂၀၀၉-၂၀၁၀ အထိလည်းကောင်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။ စီမံကိန်းလုပ်ငန်းများတွင် သဘာဝတောထိန်းသိမ်းခြင်း၊ သစ်တောစိုက်ခင်းတည်ထောင်ခြင်း၊ ကမ်းပါးပြိုထိန်းသိမ်းခြင်းလုပ်ငန်းများ ပါဝင်ပါသည်။ အထူးသဖြင့် လေကာတန်းစိုက်ပျိုးခြင်း၊ ကမ်းပါးပြိုထိန်းသိမ်းရေးစိုက်ခင်း၊ သီးနှံသစ်တော ရောနှောစိုက်ခင်း၊ ကျေးရွာသုံးထင်းစိုက်ခင်းနှင့် ရေဝေရေလဲ စိုက်ခင်းများ တည်ထောင်ခြင်းများကို ဆောင်ရွက်ခဲ့ပြီး ကွန်တိုကန်သင်းကန့် ဖော်ထုတ်ခြင်း၊ ရေလွှဲမြောင်းတူးဖော်ခြင်း၊ နုန်းထိန်းတမံငယ်များ တည်ဆောက်ခြင်းများကိုလည်း စွမ်းစွမ်းတမံဆောင်ရွက်ခဲ့သည်။ ဒေသခံပြည်သူများအား ရေဝေရေလဲဒေသထိန်းသိမ်းရေး၊ မြေဆီလွှာထိန်းသိမ်းရေး၊ သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်းနှင့် အစုအဖွဲ့ပိုင်သစ်တောလုပ်ငန်း တည်ထောင်ခြင်း အပါအဝင် သစ်တောနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းခြင်းဆိုင်ရာ သင်တန်းအမျိုးမျိုးဖွင့်လှစ်ပို့ချခြင်းနှင့် တိုးချဲ့ပညာပေးရေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ခဲ့သည်။ အင်းလေးကန် ရေဝေရေလဲ ဧရိယာအတွင်း ကြိုးဝိုင်းတော ရှစ်ခု (၂၀၃ ဒသမ ၇ စတုရန်းမိုင်)၊ ကြိုးပြင်ကာကွယ်တော ခုနစ်ခု (၉၉ ဒသမ ၁ စတုရန်းမိုင်)နှင့် သဘာဝထိန်းသိမ်းရေးနယ်မြေ သုံးခု (၂၃၈ ဒသမ ၅ စတုရန်းမိုင်)တည်ထောင်၍ ရေဝေရေလဲ ထိန်းသိမ်းရေးနှင့်ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

အင်းလေးကန်ဒေသအတွက် အစိမ်းရောင်စီးပွားရေး (Green Economy)

ယခုအခါ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးအတွက် နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်နှင့်အညီ လုပ်ငန်းကော်မတီရှစ်ခု ဖွဲ့စည်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်း ကော်မတီသည် တစ်ခုအပါအဝင်ဖြစ်သည်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်း ကော်မတီအနေဖြင့် ကျေးလက်ဒေသများ၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးဖွံ့ဖြိုးတိုးတက်မှုများကို ဖော်ဆောင်ရာတွင် ပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံးဖြင့် ပတ်ဝန်းကျင် အခြေအနေကောင်းများကို ရေရှည်ရရှိခံစားနိုင်စေရေးအတွက် စီမံချက်များရေးဆွဲဆောင်ရွက်လျက်ရှိရာ အင်းလေးကန်ရေရှည်တည်တံ့စေရေးအား လုပ်ငန်းစဉ်တစ်ရပ်အဖြစ် ထည့်သွင်းဆောင်ရွက်လျက်ရှိပါသည်။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ကိုယ်တိုင် အင်းလေးကန်ပတ်ဝန်းကျင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးလုပ်ငန်းများနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများ ဟန်ချက်ညီ ဆောင်ရွက်နိုင်ရေးအတွက် နှစ်ကြိမ် ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။ အင်းလေးကန်ဒေသတွင် ပတ်ဝန်းကျင်အား ထိခိုက်မှုမရှိသော (သို့မဟုတ်) ပတ်ဝန်းကျင်ထိခိုက်မှု အနည်းပါးဆုံးဖြစ်စေပြီး ဒေသခံပြည်သူလူထု၏ လူမှုဘဝကိုမြင့်မားစေမည့် "အစိမ်းရောင်စီးပွားရေး" လုပ်ငန်းများ ဖွံ့ဖြိုးလာရန် မှာကြားခဲ့ပါသည်။ ထုတ်ကုန်လုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းအမျိုးမျိုးတွင် ရုပ်ကြွင်းလောင်စာဆီများအစား ပြန်ပြည့်မြဲ စွမ်းအင်များဖြစ်သည့် ရေ၊ နေ၊ လေ စွမ်းအင်များ၊ ဇီဝလောင်စာများ၊ သဘာဝဓာတ်ငွေ့များသုံးစွဲခြင်း၊ စိုက်ပျိုးရေးလုပ်ငန်းများတွင် ဓာတ်မြေဩဇာအစား သဘာဝမြေဩဇာ အသုံးပြုခြင်း၊ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုအနည်းဆုံး စိုက်ပျိုးရေးနည်းပညာများအသုံးပြုခြင်း၊ ဓာတုပိုးသတ်ဆေးနှင့် ဓာတ်မြေဩဇာကင်းစင်သော Organic Farming စနစ်ကျင့်သုံးခြင်း၊ သစ်တောများ ထိန်းသိမ်းကာကွယ်ခြင်းနှင့် သဘာဝအခြေခံခရီးသွားလုပ်ငန်းများသည် အင်းလေးကန်ဒေသတွင် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ကြရမည့် အစိမ်းရောင်စီးပွားရေးလုပ်ငန်းများဖြစ်ပါသည်။

နိုင်ငံတော်အဆင့် ပူးပေါင်းဆောင်ရွက်ခြင်း

အင်းလေးကန် ရေရှည်တည်တံ့စေရေးအတွက် အင်းလေးကန်စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ရန် ၂၀၁၀ ခုနှစ် စက်တင်ဘာလတွင် အင်းလေးကန် ရေရှည်တည်တံ့ရေးနှင့် သဘာဝပတ်ဝန်းကျင် အခြေအနေများ ထိန်းသိမ်းရေးကော်မတီကို ဖွဲ့စည်းဆောင်ရွက်ခဲ့သည်။ သစ်တောရေးရာဝန်ကြီးဌာနဝန်ကြီးက ဥက္ကဋ္ဌအဖြစ်တာဝန်ယူပြီး ဆက်စပ်ဝန်ကြီးဌာနများ၊ ဒေသခံအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များပါဝင်လျက် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိပါသည်။ ပထမအကြိမ် အမျိုးသားအဆင့် အင်းလေးကန် ရေရှည်တည်တံ့ရေး၊ ထိန်းသိမ်းဆောင်ရွက်ရန် နည်းလမ်းများဖော်ထုတ်ရေး အလုပ်ရုံဆွေးနွေးပွဲကို ၂၀၁၀ ခုနှစ် ဇူလိုင် ၁ ရက်မှ ၂ ရက်အထိ နေပြည်တော်၌လည်းကောင်း၊ အင်းလေးကန်ဝန်းကျင် ရေရှည်တည်တံ့ရေး အလုပ်ရုံဆွေးနွေးပွဲကို ၂၀၁၀ခုနှစ် ဇူလိုင် ၁၂ ရက်မှ ၁၄ ရက် အထိ တောင်ကြီးမြို့တွင်လည်းကောင်း အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည်။ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲများမှ အင်းလေးကန်ဒေသဝန်းကျင် ရေသယံဇာတများ ရေရှည်အသုံးချနိုင်ရေး၊ အင်းလေးကန်ဒေသဝန်းကျင်တွင် မှန်ကန်သည့် မြေအသုံးချမှုစနစ်ဖော်ထုတ်ရေး၊ အင်းလေးကန်ဒေသပတ်ဝန်းကျင်ညစ်ညမ်းမှုများ ကာကွယ်ရေးနှင့် အင်းလေးကန်ဒေသခံများ၏ လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် ရှေ့လုပ်ငန်းစဉ်များကို ချမှတ်နိုင်ခဲ့ပါသည်။

သစ်တောဦးစီးဌာနသည် လုပ်ငန်းစဉ်များတွင်ပါဝင်သည့်အတိုင်း အင်းလေးကန်၏ ပင်မဧရိယာ(Core Area)၊ ကြားခံဧရိယာ (Buffer Area)၊ ရေဦးရေဖျားဒေသ (Remote Area) ဟူ၍ ဇုန်နယ်နိမိတ်များ ခွဲခြားသတ်မှတ်၍ အင်းလေးကန် ရေရှည်တည်တံ့စေရေးနှင့် ပတ်ဝန်းကျင်အခြေအနေများ ထိန်းသိမ်းရေးလုပ်ငန်းများကို ဒေသခံအာဏာပိုင်အဖွဲ့အစည်းများ အပါအဝင် အခြားဆက်စပ်ဌာနများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းအနေဖြင့် မြေဆီလွှာထိန်းသိမ်းခြင်းလုပ်ငန်း၊ စားသုံးသီးပင်ပျိုးထောင်စိုက်ပျိုးခြင်းလုပ်ငန်း၊ ပိုးသတ်ဆေး စနစ်တကျကိုင်တွယ်အသုံးပြုနည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ဆည်မြောင်းဦးစီးဌာနအနေဖြင့် အင်းလေးကန်အတွင်းမှ မလိုအပ်သော ကျွန်းမျောများ၊ ဒိုက်၊ မှော်၊ နုန်းမြေများကို ဆယ်ယူဖယ်ရှားခြင်း၊ ချောင်းများ ရေစီးရေလာကောင်းမွန်စေရန် ပြန်လည်ထိန်းသိမ်းပြုပြင်ခြင်း၊ မြေပြိုတိုက်စားမှု ကာကွယ်တားဆီးခြင်းနှင့် နုန်းပို့ချမှု ကာကွယ်ထိန်းသိမ်းခြင်းလုပ်ငန်းများဆောင်ရွက်ခြင်း၊ နုန်းတားဆည်နှင့် နုန်းထိန်းတမံများ တည်ထောင်ခြင်း၊ စည်ပင်သာယာရေးဦးစီးဌာနအနေဖြင့် အိမ်သုံးအမှိုက်၊ စီးပွားရေးသုံးအမှိုက်နှင့် စွန့်ပစ်ပစ္စည်းများ စနစ်တကျစီမံခန့်ခွဲခြင်း၊ ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် စဉ်ဆက်မပြတ် ငါးထုတ်လုပ်ရရှိရေးအတွက် ငါးမျိုးများစိုက်ထည့်ခြင်း၊ စနစ်တကျထိန်းသိမ်းကာကွယ်ခြင်း၊ ကျန်းမာရေးဦးစီးဌာနအနေဖြင့် ရေကောင်းရေသန့်ရရှိရေးနှင့် အင်းလေးဒေသနေ တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေး၊ ပညာရေးအဆင့်မြင့်တင်ရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ၂၀၁၁ ခုနှစ် ဩဂုတ် ၂၄ ရက်မှ ၂၅ ရက်အထိ သစ်တောဦးစီးဌာနနှင့် UN-HABITAT တို့ ပူးပေါင်း၍ အင်းလေးကန် ရေရှည်တည်တံ့စေရေး အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပနိုင်ခဲ့သည်။ ယခင်ကျင်းပခဲ့သော အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲများမှ ချမှတ်ခဲ့သောလုပ်ငန်းစဉ်များ အကောင်အထည်ဖော်မှု အခြေအနေများအား ပြန်လည်ဆန်းစစ်သုံးသပ်ရန်၊ ရှေ့လုပ်ငန်းစဉ်များချမှတ်ရန်နှင့် အင်းလေးကန် ထိန်းသိမ်းကာကွယ်ရေး ဘက်စုံစီမံကိန်းအတွက် စီမံကိန်းမူကြမ်းရေးဆွဲပြင်ဆင်ရန် ရည်ရွယ်၍ ကျင်းပခဲ့ခြင်းဖြစ်သည်။ ဆက်စပ်ဌာနများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ဒေသခံအာဏာပိုင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ စုံညီစွာတက်ရောက်သော ဤအလုပ်ရုံဆွေးနွေးပွဲမှလည်း အင်းလေးကန် ရေရှည်တည်တံ့စေရေးအတွက် အင်းလေးကန်စိမ်းလန်းစိုပြည်ရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စီမံကိန်းမူကြမ်းကို ရေးဆွဲပြင်ဆင်နိုင်ခဲ့သည်။

အင်းလေးကန် ရေရှည်တည်တံ့စေဖို့ ဝိုင်းဝန်းကာကွယ်ထိန်းသိမ်းစို့

ယနေ့ကမ္ဘာနှင့်တစ်ဝန်း ရင်ဆိုင်နေရသော ရာသီဥတုပြောင်းလဲမှု၊ ကမ္ဘာကြီးပူနွေးလာမှု၊ ဇီဝမျိုးစုံမျိုးကွဲများ ပျောက်ကွယ်မှု၊ သဲကန္တာရဖြစ်ထွန်းမှု၊ ရေချို ရေသန့်ရှားပါးလာမှု အစရှိသည့် ပတ်ဝန်းကျင်ဆိုင်ရာပြဿနာများအား ဖြေရှင်းရန် အထိရောက်ဆုံးနှင့် အကောင်းဆုံးနည်းလမ်းမှာ သစ်ပင်များစိုက်ပျိုးခြင်းနှင့် သစ်တောများ ထိန်းသိမ်းကာကွယ်ခြင်းဖြစ်သည်။

တောင်စွယ်တောင်တန်းများနှင့် ဝန်းရံထားပြီး သဘာဝအလှတရားများနှင့် ယဉ်ကျေးမှုဓလေ့မျိုးစုံတို့ဖြင့် ပြည့်စုံနေသော မြန်မာနိုင်ငံ၏ ကုန်းတွင်းရေအိုင်ကြီးဖြစ်သည့် အင်းလေးကန်ကြီး ရေရှည်တည်တံ့ရေးအတွက် ရေဝေရေလဲ သစ်တောစိုက်ခင်းများတည်ထောင်ခြင်းနှင့် သဘာဝတောများ ထိန်းသိမ်းကာကွယ်ခြင်း လုပ်ငန်းများအပါအဝင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို အဓိကဦးစားပေးလုပ်ငန်းများအဖြစ် ဆောင်ရွက်ရန် လိုအပ်ပါသည်။ လူမှုရေး၊ စီးပွားရေး၊ ဒေသဖွံ့ဖြိုးရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးတွင် အရေးပါရုံသာမက ယဉ်ကျေးမှုဓလေ့နှင့် အမျိုးသားအမွေအနှစ်တန်ဖိုးမြင့်မားသော အင်းလေးကန်ကြီးမတိမ်ကော၊ မပျက်စီးစေရေးအတွက် နယ်ပယ်စုံ၊ ကဏ္ဍစုံမှ ကျွမ်းကျင်သူပညာရှင်များ၊ ဆက်စပ်ဌာနများ၊ ပြည်နယ်အစိုးရနှင့် ဒေသခံအာဏာပိုင်များ၊ ဒေသခံ တိုင်းရင်းသားပြည်သူလူထုအားလုံး တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ရန် အလွန်အရေးကြီးပါသည်။

ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ကြရန် လိုအပ်သကဲ့သို့ တစ်ဖက်မှလည်း အင်းလေးကန်ရေရှည်တည်တံ့ရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်သွားရန် လိုအပ်ပါသည်။ ပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိစေသည့် (တစ်နည်းအားဖြင့်) ပတ်ဝန်းကျင်ကို ထိခိုက်မှု အနည်းဆုံးဖြစ်စေသည့် **အစိမ်းရောင်စီးပွားရေး**လုပ်ငန်းများဖြင့် လူမှုစီးပွားရေး ဖွံ့ဖြိုးစေရန် ဆောင်ရွက်ကြရမည်ဖြစ်သည်။ ထိုသို့ ဆောင်ရွက်မှသာလျှင် အာဆီယံယဉ်ကျေးမှုအမွေအနှစ် အင်းလေးကန်ကြီးကို မြန်မာနိုင်ငံ၏ အနာဂတ်မျိုးဆက်သစ်များအတွက် လက်ဆင့်ကမ်းအမွေကောင်းအဖြစ် ဆက်လက်လွှဲပြောင်း ပေးအပ်နိုင်မည်ဖြစ်ပါသည်။

ထို့ကြောင့် အင်းလေးကန်ရေရှည်တည်တံ့စေရေးအတွက် ဆောင်ရွက်ရာတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး နိုးကြားတက်ကြွစွာ ပူးပေါင်းပါဝင်နိုင်ရန် **"အင်းလေးကန် ရေရှည်တည်တံ့စေဖို့ ဝိုင်းဝန်းကာကွယ် ထိန်းသိမ်းစို့"** ဟု တိုက်တွန်းရေးသား တင်ပြလိုက်ရပါသည်။ ။

မြန်မာ့အလင်း ပြည်တွင်းအားကစား ပြည်တွင်းအားကစား ပြည်တွင်းအားကစား ပြည်တွင်းအားကစား

(၂၆)ကြိမ်မြောက် ဆီးဂိမ်းတွင် အောင်ပွဲရရန် လှေလှော်အားကစားမောင်မယ်များ အပြင်းအထန်လေ့ကျင့်လျက်ရှိ

ရန်ကုန် စက်တင်ဘာ ၄

လှော်တက်ကို တင်းတင်းဆုပ်ကိုင်ရင်း အားမာန်အပြည့်ဖြင့် ညီညာစွာ လှော်ခတ်နေကြသည့် လှေလှော်အားကစားသမားများ (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၌ အောင်ပွဲများ အဆင့်ဆင့်ရရှိရန် အပြင်းအထန် လေ့ကျင့်နေကြပြီဖြစ်သည်။

လေ့ကျင့်ပြုလုပ်

ထိုသို့ လေ့ကျင့်နေမှုများအနက် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် အင်းလျားလမ်းရှိ မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်သို့ စာရေးသူရောက်ရှိခဲ့ရာ ရေထဲတွင် လှေနှင့်အတူ လေ့ကျင့်မှုများအပြင် ရေကူး၊ အပြေးလေ့ကျင့်ခန်းများ၊ ခန္ဓာကိုယ်ကြံ့ခိုင်မှု၊ အလေးမခြင်းများ လေ့ကျင့်ပြုလုပ်နေကြသည့် အားကစားမောင်မယ်များကို တွေ့မြင်လိုက်ရသည်။

ထို့နောက် မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးနှင့် တွေ့ဆုံမေးမြန်းခဲ့ရာ "ကျွန်တော်တို့ပြိုင်ပွဲအမျိုးအစားကတော့ ကနူးကယက်ပြိုင်ပွဲ ၁၅ မျိုး၊ အပြည်ပြည်ဆိုင်ရာ လှေလှော်ပြိုင်ပွဲ ၁၁ မျိုး၊ ရိုးရာလှေလှော်ပြိုင်ပွဲ ၁၀ မျိုး စုစုပေါင်းပြိုင်ပွဲ ၃၆ မျိုး ပါဝင်ယှဉ်ပြိုင်မှာဖြစ်ပြီး ကနူးကယက်ပြိုင်ပွဲမှာ မီတာ ၂၀၀၊ ၅၀၀၊ ၁၀၀၀၊ အပြည်ပြည်ဆိုင်ရာလှေလှော်ပြိုင်ပွဲမှာ မီတာ ၂၀၀၀၊ ရိုးရာလှေလှော်ပြိုင်ပွဲမှာ မီတာ ၅၀၀၊ ၁၀၀၀၊ ၂၀၀၀ ပါဝင်ယှဉ်ပြိုင်မှာဖြစ်ပါတယ်"ဟု ရှင်းပြသည်။

၂၀၁၀ လဆန်းပိုင်းကစပြီး အမျိုးသား ၇၅ ဦး၊ အမျိုးသမီး ၄၅ ဦးကို လေ့ကျင့်ပေးလျက်ရှိကြောင်း သိရှိရသည်။ နည်းပြပိုင်းနှင့်ပတ်သက်၍ ကနူးကယက်ပြိုင်ပွဲ အမျိုးအစားအတွက် ဟန်ဂေရီနည်းပြတစ်ဦး၊ အပြည်ပြည်ဆိုင်ရာ လှေလှော် ပြိုင်ပွဲအတွက်

ကနူးလှေလှော် လေ့ကျင့်နေကြစဉ်။

သတင်းမှတ်စုနှင့် ဓာတ်ပုံ တင်စိုး(မြန်မာ့အလင်း)

ဩစတြေးလျနည်းပြတစ်ဦး၊ ရိုးရာလှေအတွက် မြန်မာနည်းပြတို့နှင့် လေ့ကျင့်ပေးနေသည်ဟု ဆက်လက်ရှင်းပြသည်။

(၂၆)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာအသင်း၏ အဓိကပြိုင်ဘက်များမှာ ဗီယက်နမ်၊ အင်ဒိုနီးရှား၊ ထိုင်းတို့ ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

Champion Challenge Cup Tournament ပြိုင်ပွဲများဆက်လက်ကျင်းပ

နေပြည်တော် စက်တင်ဘာ ၄

၂၀၁၁ ခုနှစ် ပထမအကြိမ် နေပြည်တော် Champion Challenge Cup Tournament ပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းတွင် သတ်မှတ်နေရာအသီးသီး၌ ဆက်လက်ကျင်းပလျက်ရှိရာ အားကစားဝန်ကြီးဌာန(ဝန်ကြီးရုံး) ဒုတိယညွှန်ကြားရေးမှူးချုပ်(ရုံးအဖွဲ့မှူး) ဦးထွန်းမြင့်ဦးနှင့် တာဝန်ရှိသူများ လှည့်လည်ကြည့်ရှုအားပေးကြသည်။

တက်ရောက်

နေပြည်တော် ပျဉ်းမနား ပေါင်းလောင်းအားကစားခန်းမ၌ကျင်းပသည့် ပိုက်ကျော်ခြင်းပြိုင်ပွဲ အမျိုးသား သုံးယောက်တွဲ ရှုံး/ထွက်ပွဲစဉ်များအပြီး၌ ပုသိမ်ကလပ်အသင်းနှင့် မုံရွာကလပ်အသင်းတို့သည် ပထမ အကြိုဗိုလ်လုပွဲအဖြစ် လည်းကောင်း၊ ရန်ကုန်ကလပ်အသင်းနှင့် တောင်ကြီးကလပ်အသင်းတို့သည် ဒုတိယအကြိုဗိုလ်လုပွဲအဖြစ် လည်းကောင်း ယှဉ်ပြိုင်ကစားကြရာ မုံရွာကလပ်အသင်းနှင့် ရန်ကုန်ကလပ်အသင်းတို့ အနိုင်ရရှိသွားကြပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အလွတ်တန်းစစ်တုရင်ပြိုင်ပွဲ ယှဉ်ပြိုင်ရန် မြန်မာစစ်တုရင် အားကစားအဖွဲ့ ပြည်ပထွက်ခွာ

ရန်ကုန် စက်တင်ဘာ ၄

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် စက်တင်ဘာ ၄ ရက်မှ ၁၁ ရက်အထိ ကျင်းပမည့် အပြည်ပြည်ဆိုင်ရာ အလွတ်တန်းစစ်တုရင်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ့စစ်တုရင်အားကစားအဖွဲ့ဝင်နှစ်ဦးသည် ယမန်နေ့ညပိုင်းတွင် လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်မှ အမှုဆောင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

လိုက်ပါသွား

မြန်မာ့စစ်တုရင် အားကစားအဖွဲ့တွင် အဖွဲ့ခေါင်းဆောင် အုပ်ချုပ်သူ အားကစားသမားအဖြစ် ဦးကြည်သိန်း (လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန) နှင့် အားကစားသမားအဖြစ် သာဇံတို့ လိုက်ပါသွားကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တိုင်းဒေသကြီးနှင့်ပြည်နယ် ဂျူဒိုပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကျင်းပ

ရန်ကုန် စက်တင်ဘာ ၄

၂၀၁၁ ခုနှစ် (၁၆)ကြိမ်မြောက် တိုင်းဒေသကြီးနှင့်ပြည်နယ်ဂျူဒိုပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲအခမ်းအနားကို ယနေ့ညနေ ၃ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပသည်။

ဗိုလ်လုပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲကိုကျင်းပရာ အမျိုးသား ၆၀ ကီလိုတန်းနှင့် ၆၆ ကီလိုတန်းပြိုင်ပွဲများ၌ ဆုရရှိကြသူများအား မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌကလည်းကောင်း၊ အမျိုးသမီး ၄၅ ကီလိုတန်းနှင့် ၅၂ ကီလိုတန်းပြိုင်ပွဲများတွင် ဆုရရှိသူများအား မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ် နာယက ဒေါ်ရွှေသက်ကလည်းကောင်း၊ အမျိုးသမီးအသင်းလိုက် ပထမတံခွန်စိုက်ဆုရ ရောဝတီတိုင်းဒေသကြီးအသင်းအား မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ် အတွင်းရေးမှူး ဒေါ်အယ်လ်ခွန်းရီကလည်းကောင်း၊ အမျိုးသား အသင်းလိုက်တံခွန်စိုက်ဒိုင်းဆုရ ဧရာဝတီတိုင်းဒေသကြီးအသင်းအား မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်ကလည်းကောင်း၊ အမျိုးသမီး အကောင်းဆုံးအားကစားသမားဆုရ ၄၅ ကီလိုတန်းမှ သိမ့်သိမ့်သူ(ဧရာဝတီတိုင်းဒေသကြီး)နှင့် အမျိုးသားအကောင်းဆုံး အားကစားသမားဆုရ ၅၀ ကီလိုတန်းမှ နေမျိုးထွန်း(ဧရာဝတီတိုင်းဒေသကြီး)တို့အား ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာမြင့်သိန်းက လည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။ **(အပေါ်ပုံ)**

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာနဝန်ကြီး ဦးအောင်ခင်က အမျိုးသား အမျိုးသမီး စုပေါင်းတံခွန်စိုက်ဒိုင်းဆုရ ဧရာဝတီတိုင်းဒေသကြီးအသင်းအား တံခွန်စိုက်ဒိုင်းဆုကြီး ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(မြန်မာ့အလင်း)**

နိုင်ငံတကာအားကစားမြင်ကွင်း

မြင့်မောင်စိုး – စုစည်းသည်

▲ *ကျောဖုံးမှ*

ယူအက်စ်အိုးပင်း တင်းနစ်ပြိုင်ပွဲ ကမ္ဘာ့နံပါတ်တစ် ဒီဂျိုကိုဗစ် ဖလားဆွတ်ခူးရန် ရေပန်းစား

နယူးယောက် စက်တင်ဘာ ၄

ကမ္ဘာ့နံပါတ်တစ် တင်းနစ်ကစားသမား နိုဗက်ဒီဂျိုကိုဗစ်သည် ယူအက်စ်အိုးပင်း တင်းနစ်ပြိုင်ပွဲတွင် ဒေဗီဒန်ကိုအား တတိယအဆင့်၌ အနိုင်ရခဲ့ပြီးနောက် ပထမဆုံးသော ယူအက်စ်အိုးပင်းဖလား ဆွတ်ခူးရန် ရေပန်းစားနေသည်။

ဆားဘီးယား တင်းနစ်ကစားသမား ဒီဂျိုကိုဗစ်** (အပေါ်ပုံ)**သည် ဒေဗီဒန်ကိုအား ၆-၃၊ ၆-၄၊ ၆-၂ဖြင့် အနိုင်ရလိုက်ခြင်းဖြစ်သည်။ သူသည် လာမည့် နောက်တစ်ဆင့် ပြိုင်ပွဲတွင် ကမ္ဘာ့အဆင့် ၂၂ရှိ ယူကရိန်း တင်းနစ်ကစားသမား အလက်ဇန္ဒား ဒေါ်ဂိုပိုလော့ဗ်နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

တက်ရောက်

ကမ္ဘာ့အဆင့် ၃ ရှိ ရော်ဂျာဖက်ဒဲရားက ကမ္ဘာ့အဆင့် ၂၇ ရှိ မာရင်းစီလစ်ကိုနိုင်ပြီး စတုတ္ထအဆင့်ပြိုင်ပွဲသို့ တက်ရောက်လာသည်။ ၎င်းသည် နောက်တစ်ဆင့်ပြိုင်ပွဲတွင် အာဂျင်တီးနားမှ ဂျူအန်မိုနာကိုနှင့် ဆက်လက်ကစားရမည်ဖြစ်သည်။ *(အင်တာနက်)*

အာဖရိကနိုင်ငံများဖလားခြေစစ်ပွဲ ချန်ပီယံအီဂျစ် ပြိုင်ပွဲမှထွက် ဆီနီဂေါ ခြေစစ်ပွဲအောင်

ဒါခါ စက်တင်ဘာ ၄

အာဖရိကနိုင်ငံများ ဖလားခြေစစ်ပွဲများကို စက်တင်ဘာ ၃ ရက်က ယှဉ်ပြိုင်ကစားခဲ့ရာ လက်ရှိချန်ပီယံအီဂျစ်အသင်းသည် လာမည့်နှစ်တွင် ကျင်းပမည့် အာဖရိကနိုင်ငံများဖလား နောက်ဆုံးပြိုင်ပွဲသို့ ခြေစစ်ပွဲမအောင်သဖြင့် ပြိုင်ပွဲမှထွက်ခဲ့ရသည်။

အီဂျစ်အသင်းသည် အုပ်စုပွဲ ငါးပွဲကစားခဲ့ရာတွင် အမှတ်ပေးဇယားအောက်ဆုံးသို့ ရောက်ရှိနေပြီး ရမှတ် နှစ်မှတ်သာ ရရှိထားသည်။

ကင်ညာအသင်း တိုက်စစ်မှူးအိုလိချ် ဂီနီယာဘစ်ဆောအသင်းဘက်သို့ ဦးသို့ ဂိုးသွင်းယူခဲ့သည်။

စက်တင်ဘာ ၃ရက်က အီဂျစ်အသင်းသည် ဆီယာရာလီယွန်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။ ဆီနီဂေါအသင်းက ကွန်ဂိုအသင်းကို နှစ်ဂိုးပြတ်ဖြင့်နိုင်ပြီး ခြေစစ်ပွဲအောင်သည်။ လစ်ဗျားက မိုဇမ်ဘစ်ကို တစ်ဂိုး-ဂိုးမရှိဖြင့်နိုင်သည်။ မာလဝီနှင့် တူနီးရှားတို့ပွဲမှာ ဂိုးမရှိသရေပွဲဖြစ်ခဲ့သည်။ အိုင်ဗရီကို့စ်က ရဝမ်ဒါကို ငါးဂိုးပြတ်သွင်းယူခဲ့သည်။ ကင်ညာနှင့် ဂီနီယာဘစ်ဆောအသင်းတို့က တစ်ဖက်တစ်ဂိုးစီ သွင်းယူခဲ့ကြသည်။ **(အင်တာနက်)**

မီတာ ၂၀၀ အပြေးပြိုင်ပွဲ အူစိန်ဘော့ဗိုလ်စွဲ

ဒေဂူ စက်တင်ဘာ ၄

တောင်ကိုရီးယားနိုင်ငံ ဒေဂူမြို့၌ကျင်းပလျက်ရှိသည့် ကမ္ဘာ့ပြေးခုန်ပစ်အားကစားပြိုင်ပွဲတွင် ဂျမေကာအပြေးသမား အူစိန်ဘော့ **(ဝဲပုံ)** သည် အမျိုးသား မီတာ ၂၀၀ အပြေးပြိုင်ပွဲတွင် ရွှေတံဆိပ်ဆု ဆွတ်ခူးနိုင်ခဲ့သည်။

စံချိန်သစ်တင်

အူစိန်ဘော့သည် စံချိန် ၁၉ ဒသမ ၄၀ စက္ကန့်ဖြင့် ပန်းဝင်ဗိုလ်စွဲခဲ့ခြင်း ဖြစ်သည်။ ယင်းစံချိန်မှာ ၎င်း၏ တတိယအမြန်ဆုံး စံချိန်သစ်ကို တင်လိုက်ခြင်းဖြစ်သည်။

အမေရိကန်နိုင်ငံမှ ဝေါလ်တာဒစ်က စံချိန် ၁၉ ဒသမ ၇၀ စက္ကန့်ဖြင့် ဒုတိယငွေတံဆိပ်ဆွတ်ခူးနိုင်ခဲ့သည်။ ပြင်သစ်မှ ခရစ္စတိုဖာလေမိုက်ထရီက စံချိန် ၁၉ ဒသမ ၈၀ စက္ကန့်ဖြင့် ကြေးတံဆိပ်ဆွတ်ခူးခဲ့သည်။ **(အင်တာနက်)**

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေး စစ်ကိုင်းတိုင်းဒေသကြီး၌ လုပ်ငန်းညှိနှိုင်းစည်းဝေး

နေပြည်တော် စက်တင်ဘာ ၄

စစ်ကိုင်းတိုင်းဒေသကြီး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၃၁ ရက် နံနက် ၉နာရီက မုံရွာမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးတက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး စစ်ကိုင်း၊ မုံရွာ၊ ရွှေဘို၊ ကသာ၊ ကလေး၊ တမူး၊ မော်လိုက်နှင့် ခန္တီးခရိုင်များမှ ခရိုင်အုပ်ချုပ်ရေးမှူးများက မိမိတို့ခရိုင်အလိုက် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်း ပပျောက်ရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေနှင့် ဖြည့်ဆည်းပေးရန် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးများက ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးအတွက် ဝန်ကြီးဌာနများ၏ ဆောင်ရွက်ခဲ့မှုများ၊ ရှေ့ဆက်လက်လုပ်ကိုင်ကြမည့် လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က လုပ်ငန်းဆောင်ရွက်မှုများအပေါ် ညှိနှိုင်းဖြည့်ဆည်းပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဒေသဆိုင်ရာလုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။

ကြည့်ရှုစစ်ဆေး

တိုင်းဒေသကြီးဝန်ကြီးချုပ်သည် စက်တင်ဘာ ၁ ရက် နံနက်ပိုင်းက မုံရွာမြို့ ပြည်သူ့ဆေးရုံ တိုးချဲ့နှစ်ထပ်လူနာဆောင်သစ် ဆောက်လုပ်နေမှုနှင့် ချင်းတွင်းရတနာဈေး အဆင့်မြင့်တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ သီဟထွန်းကုမ္ပဏီလီမိတက်သံရည်ကျိုစက်ရုံ၌ လယ်ယာသုံး ၂၈ကောင် ထွန်စက်ငယ်နှင့် လယ်ယာ(၁၆) လက်တွန်းထွန်စက်များ ထုတ်လုပ်တပ်ဆင်နေမှုနှင့် မုံရွာတိုင်းရင်းဆေးရုံ၊ အမျိုးသား၊ အမျိုးသမီး တိုးချဲ့လူနာဆောင်သစ် ဆောက်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ဆေးကုသမှုခံယူနေကြသောလူနာများအား ကြည့်ရှုအားပေးသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့က ဆင်းရဲမှုလျှော့နည်းပပျောက်ရေးလုပ်ငန်းအတွက် ချေးငွေများပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်၍ ခရိုင်များအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ချေးငွေများနှင့် နာဂဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဇေယျာပဒေသာ ဖောင်ဒေးရှင်းမှ ထောက်ပံ့ငွေများပေးအပ်သည်။

အခမ်းအနားတွင် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့က တိုင်းဒေသကြီးအတွင်းရှိ ခရိုင်များသို့ ချေးငွေစုစုပေါင်းငွေကျပ် ၁၁၀၀၉ ဒသမ ၀၁ သိန်းကို ပေးအပ်ခဲ့သည်။

ပေးအပ်ချီးမြှင့်

တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ညနေပိုင်းတွင် တက္ကသိုလ်၊ ဒီဂရီကောလိပ်ပေါင်းစုံ (အမျိုးသား၊ အမျိုးသမီး)မုံရွာဇုန် ဘောလုံးပြိုင်ပွဲသို့တက်ရောက်ပြီး ဗိုလ်လုပွဲအဖြစ် မုံရွာတက္ကသိုလ်အသင်းနှင့် ကလေးတက္ကသိုလ်အသင်းတို့၏ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးပြီး ပထမဆုရ မုံရွာတက္ကသိုလ် အမျိုးသားဘောလုံးအသင်းအား တံခွန်စိုက်ဒိုင်းဆုကြီးနှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အခွန်အရပ်ရပ်ဆိုင်ရာပညာပေးဆွေးနွေးပွဲ ပုသိမ်မြို့နယ်၌ ကျင်းပ

ပုသိမ်ခရိုင် အခွန်ဦးစီးဌာနမှူး ဦးအောင်မိုးကျော်က ဝင်ငွေခွန်ဥပဒေ၊ ကုန်သွယ်လုပ်ငန်းခွန် ဥပဒေများနှင့် စပ်လျဉ်းသည့် အခွန်ဆိုင်ရာသိကောင်းစရာများကို ရှင်းလင်းဆွေးနွေးစဉ်။ (ခရိုင် ပြန်/ဆက်)

ပုသိမ် စက်တင်ဘာ ၄

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် အခွန်ဦးစီးဌာနကကြီးမှူး၍ အခွန်အရပ်ရပ်ဆိုင်ရာ ပညာပေးဆွေးနွေးပွဲကို ဩဂုတ် ၁၀ ရက် နံနက် ၁၀ နာရီက ပုသိမ်မြို့နယ် ပြည်တွင်းအခွန်များဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပုသိမ်ခရိုင် အခွန်ဦးစီးဌာနမှူး ဦးအောင်မိုးကျော်က ဝင်ငွေခွန်ဥပဒေ၊ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေများနှင့် စပ်လျဉ်းသည့် အခွန်ဆိုင်ရာသိကောင်းစရာများကို ရှင်းလင်းဆွေးနွေးသည်။

ဖြန့်ဝေပေးခဲ့

ထို့နောက် တက်ရောက်လာကြသောအခွန်ထမ်းပြည်သူများမှ သိရှိလိုသည့်အချက်များကိုမေးမြန်းရာ ပုသိမ်ခရိုင် အခွန်ဦးစီးဌာနမှူးက ရှင်းလင်းပြောကြားပြီး အခမ်းအနားသို့တက်ရောက်လာကြသည့် ဌာနဆိုင်ရာများနှင့် အခွန်ထမ်းပြည်သူများအား အခွန်ဆိုင်ရာသိကောင်းစရာ လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

(၂၃)ကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ မသန်စွမ်းသူများ အားကစားပြိုင်ပွဲကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၄

အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံမသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်တို့၏ စီစဉ်ကြီးကြပ်မှုဖြင့် (၂၃)ကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ မသန်စွမ်းသူများအားကစားပြိုင်ပွဲကို စက်တင်ဘာ ၁၂ ရက်(တနင်္လာနေ့)မှစက်တင်ဘာ၁၇ရက်(စနေနေ့)အထိ ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းနှင့် သက်ဆိုင်ရာအားကစားကွင်းများ၌ ကျင်းပမည်ဖြစ်သည်။

ကျင်းပသွားမည်

ပြေးခုန်ပစ်ပြိုင်ပွဲများကို စက်တင်ဘာ ၁၂ ရက်နှင့် ၁၃ ရက်တို့တွင် အောင်ဆန်းကွင်း၌လည်းကောင်း၊ ရေကူးပြိုင်ပွဲကို စက်တင်ဘာ ၁၄ ရက် နံနက်ပိုင်းတွင် အမျိုးသားရေကူးကန်၌လည်းကောင်း၊ စားပွဲတင်တင်းနစ်ပြိုင်ပွဲကို စက်တင်ဘာ ၁၄ ရက် မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံစားပွဲတင်တင်းနစ်အဖွဲ့ချုပ်၌လည်းကောင်း၊ ထိုင်လျက်ဘော်လီဘောပြိုင်ပွဲကို စက်တင်ဘာ ၁၅ ရက်တွင် အောင်ဆန်းကွင်းမိုးလုံလေလုံ၌လည်းကောင်း၊ ကြက်တောင်ရိုက်ပြိုင်ပွဲကို စက်တင်ဘာ ၁၆ ရက်တွင် (အမျိုးသားကြက်တောင်ရုံ) ကျုံးကြီးလမ်း၌လည်းကောင်း၊မျက်မမြင်စစ်တုရင်ပြိုင်ပွဲများကို စက်တင်ဘာ ၁၂ရက်မှ ၁၆ ရက်အထိ အောင်ဆန်းကွင်း စစ်တုရင်အဖွဲ့ချုပ်၌ လည်းကောင်း၊ မသန်စွမ်းသူများ ဂေါက်သီးရိုက်ပြိုင်ပွဲကို စက်တင်ဘာ ၁၇ ရက်တွင် တပ်မတော်ဂေါက်ကလပ်၌လည်းကောင်း ကျင်းပသွားမည်ဖြစ်သည်။

အကြောင်းကြားစာများကို တိုင်းဒေသကြီးနှင့်ပြည်နယ်များ၊ ဝန်ကြီးဌာနများနှင့် သက်ဆိုင်ရာဌာန၊ ကျောင်းများသို့ ပေးပို့ထားပြီး ဖြစ်ကြောင်း၊ ပြိုင်ပွဲအသီးသီးအတွက် ပြိုင်ပွဲဝင်အမည်စာရင်းကို စက်တင်ဘာ ၇ ရက် နောက်ဆုံးထား၍ ရုံးချိန်အတွင်း အောင်ဆန်းကွင်း မြန်မာနိုင်ငံမသန်စွမ်းသူများအဖွဲ့ချုပ် ဖုန်း-၀၁-၃၈၂၄၅၅သို့ ပေးပို့ကြရန်နှင့် အသင်းအုပ်ချုပ်သူများအစည်းအဝေးကို အဖွဲ့ချုပ်ရုံးခန်း၌ စက်တင်ဘာ ၁၃ ရက် မွန်းလွဲ ၁ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ကျေးလက်နေ ပြည်သူများအား အခမဲ့ ကွင်းဆင်းဆေးကုသပေး

ဖြူး စက်တင်ဘာ ၄

မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ်တိုင်းရင်းဆေးဦးစီးဌာနတို့ပူးပေါင်း၍ ကျေးလက်နေပြည်သူများ ကျန်းမာရေးဆေးကုသမှု အခက်အခဲရှိသူများအား အခမဲ့ နယ်လှည့်ကွင်းဆင်းဆေးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိရာ ဩဂုတ် ၂၁ ရက် နံနက် ၉ နာရီခွဲမှ ညနေ ၃ နာရီအထိ ဖြူးမြို့နယ် ချင်းခင်ကျေးရွာအုပ်စု သပြေလှကျေးရွာ အမက၌ ဆရာဝန်ကြီးများက နယ်လှည့်ကွင်းဆင်းဆေးကုသပေးခဲ့ကြသည်။

ဆေးကုသပေး

ထိုနေ့က အခမဲ့ဆေးကုသမှုပေးခဲ့ရာတွင် ချင်းခင်ကျေးရွာအုပ်စု၊ ကျီးမန္တီးကျေးရွာအုပ်စု၊ ညောင်ကားယားကျေးရွာအုပ်စုနှင့် ဇဟားကျေးရွာအုပ်စုတို့ရှိ အထွေထွေရောဂါလူနာ ၂၀၆ ဦး၊ သွားရောဂါ ၂၃ ဦး၊ တိုင်းရင်းဆေးကုသမှုခံယူသူ ၃၇ ဦး စုစုပေါင်းလူနာ ၂၆၆ ဦးတို့အား အခမဲ့ဆေးကုသပေးခဲ့ကြောင်း သိရှိရသည်။ (၁၁၃)

အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များလှုပ်ရှားမှု ရွှေဘိုမြို့နယ်၌ ကျင်းပ

ရွှေဘို စက်တင်ဘာ ၄

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့ ရန်ကြီးအောင်ခန်းမ၌ ဩဂုတ် ၂၄ ရက် နံနက် ၉ နာရီက အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များလှုပ်ရှားမှု ၂၀၁၁၊ မိခင်နို့တိုက်ကျွေးမှုစံပြမိခင်ပြိုင်ပွဲနှင့် ဆုပေးပွဲအခမ်းအနားကျင်းပရာ ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါ်သက်သက်စိန်က အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်အကြောင်းနှင့် မိခင်နို့စနစ်တကျ တိုက်ကျွေးခြင်းဆိုင်ရာတို့ကို ပညာပေးဟောပြောသည်။

ပေးအပ်

ဆက်လက်၍ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ရွှေစည်နှင့်တာဝန်ရှိသူများက ဆုရရှိသူမိခင်များအား ဂုဏ်ပြုလက်ဆောင်များ ချီးမြှင့်ပြီး နို့တိုက်မိခင်များကို ဗီတာမင်ဆေး၊ သံဓာတ်ဆေးပြား၊ အိုင်အိုဒင်းဆားများ ဖြန့်ဝေ၍ ကိုယ်ဝန်ဆောင်မိခင်လောင်းများအား သန့်ရှင်းသော တစ်ခါသုံးမွေးဖွားပစ္စည်းထုပ်များ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ (၀၅၀)

စာပေမြင့်မှ လူမျိုးတင့်မည်

ပေးအပ်လှူဒါန်း

ဒဂုံမြို့နယ် ဦးဝိစာရအိမ်ရာ မြို့မကျောင်းလမ်း အခန်း(၂၂) တိုက် ၃ နေ ဦးဝင်းကြည်-ဒေါ်ညွန့်ညွန့်မေ မိသားစုက သမီးမမေသီဝင်းအားရည်စူး၍ ဦးလှထွန်း မေတ္တာရိပ်မွန် ကင်ဆာဖောင်ဒေးရှင်းအတွင်းလူနာ (ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ် တစ်သိန်းပေးအပ်လှူဒါန်းရာ သူနာပြုအုပ် ဒေါ်မြင့်မေနှင့် စောင့်ရှောက်ရေး သူနာပြု ဒေါ်ခင်ခင်ယုတို့ လက်ခံယူစဉ်။ (ကင်ဆာဖောင်ဒေးရှင်း)

အစုအဖွဲ့ပိုင် သစ်တောစိုက်ခင်းတည်ထောင်ခွင့်လက်မှတ် ပေးအပ်

မောင်တော စက်တင်ဘာ ၄

သစ်တောဦးစီးဌာနနှင့် Care မြန်မာအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သည့် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောစိုက်ခင်းတည်ထောင်ခွင့်လက်မှတ်ပေးအပ်ပွဲကို ဩဂုတ် ၂၁ ရက် နံနက် ၁၀ နာရီက မောင်တောမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း စုဝေးခန်းမ၌ကျင်းပရာ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ Care မြန်မာအဖွဲ့မှ ရခိုင်ပြည်နယ်မြောက်ပိုင်းဒေသ ကွင်းဆင်းညှိနှိုင်းရေးမှူး ဒေါ်နန်းမြသီဂီစိုးနှင့် လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ သစ်တောစိုက်ခင်းလုပ်ငန်း တည်ထောင်ခွင့်ရရှိကြသည့် ပြည်သူများတက်ရောက်ကြသည်။ အခမ်းအနားတွင် ဒေသခံပြည်သူများအား အစုအဖွဲ့ပိုင် သစ်တောစိုက်ခင်းလုပ်ငန်း တည်ထောင်ခွင့်လက်မှတ်များကို တာဝန်ရှိသူများက ပေးအပ်ခဲ့ကြကြောင်း သိရှိရသည်။ (မြန်မာ့အလင်း)

မြစ်သားမြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

မြစ်သား စက်တင်ဘာ ၄

၂၀၁၁ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို မြစ်သားမြို့နယ် မြစ်သား-မင်းစုကားလမ်းဘေး မိုင်တိုင်အမှတ် (၁၁/၀)မှ (၁၁/၁)အတွင်း လမ်း၏လက်ယာဘက်တွင် ဩဂုတ် ၁၄ ရက်က ကျင်းပရာ မြစ်သားမြို့နယ် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန ဝန်ထမ်းများ၊ သစ်တောဝန်ထမ်းများ၊ လူမှုရေးအဖွဲ့ဝင်များနှင့် ကျေးရွာနေပြည်သူများက ယူကလစ်ပင် ၅၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

လျှပ်စစ်အန္တရာယ် ကင်းရှင်းရေး မအူပင်၌ လက်ကမ်းစာစောင်များဖြန့်ဝေ

မအူပင် စက်တင်ဘာ ၄

လျှပ်စစ်အန္တရာယ် သတိပေးလက်ကမ်းစာစောင်များနှင့် တရားမဝင်ဓာတ်အားသုံးစွဲမှု လျှော့နည်းပပျောက်ရေး၊ ပြည်သူပါဝင်သော လျှပ်စစ်အန္တရာယ် ကင်းရှင်းရေးအတွက် အသိပေး၊ သတိပေး လက်ကမ်းစာစောင်များကို မအူပင်မြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးဝန်ထမ်းများက ဩဂုတ် ၁၉ ရက် နံနက်၌ မအူပင်မြို့ပေါ်ရပ်ကွက်အတွင်းရှိ အိမ်များသို့ တစ်အိမ်တက်ဆင်း လျှပ်စစ်သတိပေးစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရှိရသည်။ (၀၆၈)

သရက်၌ ဧရာဝတီမြစ်အတွင်း ငါးမျိုးများ စိုက်ထည့်

သရက် စက်တင်ဘာ ၄

မကွေးတိုင်းဒေသကြီး သရက်ခရိုင်ဇက်ဆိပ်တွင် ဧရာဝတီမြစ်အတွင်း ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို ဩဂုတ် ၁၃ ရက် နံနက် ၈ နာရီက ကျင်းပရာ သရက်ခရိုင် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအဖွဲ့အစည်းဝင်များ စုပေါင်းပါဝင်၍ ငါးမြစ်ချင်း၊ ငါးခုံးမ၊ ငါးမှန် သိန်း ၁၅၀နှင့် ငါးသန် သုံးသိန်း စုစုပေါင်း ၁၅၃ သိန်းကို ငါးမျိုးစိုက်ထည့်ခဲ့ကြကြောင်း သိရှိရသည်။ (ဝဲပုံ) (ခရိုင် ပြန်/ဆက်)

ကျေးလက်များ မီးလင်းရေးဆောင်ရွက်

စစ်တွေ စက်တင်ဘာ ၄

ရခိုင်ပြည်နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးအတွက် ပြည်နယ်ကျေးလက်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း အကောင်အထည်ဖော်ရေးဆပ်ကော်မတီ၏ဦးဆောင်မှုဖြင့် စစ်တွေမြို့နယ် မှန်စီကျေးရွာတွင် ကျေးရွာလျှပ်စစ်မီးလင်းရေးဆောင်ရွက်ပြီးစီးမှုကို ဩဂုတ် ၃၁ ရက်က ဆပ်ကော်မတီဥက္ကဋ္ဌ ပြည်နယ်လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးသာလူချေနှင့် ဆပ်ကော်မတီဝင်များ ကွင်းဆင်းစစ်ဆေးရာ ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးရဲဝဏ္ဏက လုပ်ငန်းဆောင်ရွက်ထားရှိမှုကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရှိရသည်။

(အပေါ်ပုံ)(ပြည်နယ် ပြန်/ဆက်)

မွေးမြူရေးအသိပညာပေး မိတ္ထီလာ၌ဟောပြော

မိတ္ထီလာ စက်တင်ဘာ ၄

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မိတ္ထီလာမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနကကြီးမှူးပြီး ကျေးလက်နေပြည်သူများအား ဆင်းရဲမှုလျှော့နည်းပပျောက်ရေးအတွက် မွေးမြူရေးဆိုင်ရာ အသိပညာများပေးခြင်း၊ မွေးမြူရေးထုတ်ကုန် ထုတ်လုပ်မှုစရိတ်များလျှော့ချရေးဆိုင်ရာအချက်အလက်များ ဟောပြောပို့ချသည့်သင်တန်းကို မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံး၌ ဩဂုတ် ၂၅ ရက်မှ ၂၇ ရက်အထိ ဖွင့်လှစ်ပို့ချခဲ့သည်။

ကွင်းဆင်းလေ့လာ

အဆိုပါသင်တန်းသို့ ကျေးရွာအုပ်စုများမှ ကျေးလက်တိရစ္ဆာန်ကျန်းမာရေးလုပ်သား ၄၁ ဦး တက်ရောက်ခဲ့ကြပြီး ခရိုင်ဦးစီးမှူး ဒေါက်တာမြတ်စံနှင့် မြို့နယ်ဦးစီးမှူး ဒေါက်တာဝင်းမြင့်သိန်းတို့က နို့စားနွား စီးပွားဖြစ်မွေးမြူရေးခြံများသို့ ကွင်းဆင်းလေ့လာမှုများ ပြုလုပ်ခဲ့ကြောင်း သိရှိရသည်။

(မွေးမြူရေး)

တံတားဦးမြို့နယ်၌ ဆည်တမံအတွင်း ငါးမျိုးများ စိုက်ထည့်

တံတားဦး စက်တင်ဘာ ၄

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးအတွက် အထောက်အကူဖြစ်စေရန်နှင့် ငါးသယံဇာတဖွံ့ဖြိုးရေးကို ဦးတည်ပြီး ကျောက်ဆည်ခရိုင်ငါးလုပ်ငန်းဦးစီးဌာနက ဦးဆောင်၍ တံတားဦးမြို့နယ်ရှိ ပြူကန်နှင့် ချောင်းမနက်ဆည်တမံအတွင်းသို့ ဩဂုတ် ၁၄ ရက် နံနက် ၉ နာရီက ငါးမျိုးများစိုက်ထည့်ခဲ့ကြသည်။

အခမ်းအနားတွင် ကျောက်ဆည်ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးသက်အေးနှင့် ဝန်ထမ်းများ၊ သရက်ကုန်းငါးလုပ်ငန်းစခန်းဝန်ထမ်းများက တံတားဦးမြို့ ဆည်မြောင်းဦးစီးဌာနဝန်ထမ်းများအား ငါးမျိုးငါးသန်ကောင်ရေ ရှစ်သိန်းကို လွှဲပြောင်းပေးအပ်သည်။ ထို့နောက် ဝန်ထမ်းများက အခမ်းအနားသို့ တက်ရောက်လာကြသော ဒေသခံပြည်သူများနှင့်အတူ ဆည်အတွင်းသို့ ငါးမျိုးများ စုပေါင်းစိုက်ထည့်ပေးကြသည်။ **(အောက်ပုံ)**

အလားတူ ကျောက်ဆည်ခရိုင်ငါးလုပ်ငန်းဦးစီးဌာနနှင့် ကူမဲငါးလုပ်ငန်း စခန်းဝန်ထမ်းများက ဩဂုတ် ၁၉ ရက်၌ ကျောက်ဆည်မြို့နယ်ရှိ မင်းရဲဆည်နှင့် ဇီးတောဆည်တမံအတွင်းသို့လည်း ငါးမျိုးကောင်ရေ နှစ်သိန်းကို မျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရှိရသည်။

(၄၁၀)

ဩဂုတ် ၁၉ ရက်က ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ် စက္ကံုးပိုင်းရပ်ကွက် အမက(မူလွန်) တောင်ဘက်ကမ်းကျောင်း၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်ပွဲကို ကျင်းပရာ နိုင်ငံသား အရည်အချင်းပြည့်မီသူ ကျောင်းသား ကျောင်းသူ ၁၅၀ အား လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ပဲခူးတိုင်းဒေသကြီး ဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးဝင်းလွင် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို တစ်ဦးချင်း ပေးအပ်စဉ်။ (၀၅၀)

မင်္ဂလာဒုံမြို့နယ်၌ မတည်ရင်းနှီးငွေပေးအပ်ပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၄

ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် ပျဉ်းမပင်ကျေးရွာအုပ်စု အသေးစား ပုဂ္ဂလိက ငွေစုငွေချေးအသင်းဝင်များအတွက် မတည်ရင်းနှီးငွေပေးအပ်ခြင်း အခမ်းအနားကို ဩဂုတ် ၂၇ ရက်က ပျဉ်းမပင်ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် လုပ်ငန်းရှင်များ၏ မတည်ရင်းနှီးငွေကျပ် သိန်း ၂၀၀ ကို မင်္ဂလာဒုံမြို့နယ်အုပ်ချုပ်ရေးမှူး ဦးငြိမ်းထွေးကပေးအပ်ရာ ဒါရိုက်တာအဖွဲ့ စာရင်းစစ် ဦးကျော်အောင်လှိုင် (လမင်းတံဆိပ်အားတိုးဆေးလုပ်ငန်း)က လက်ခံယူသည်။ **(အောက်ပုံ)** မင်္ဂလာဒုံမြို့နယ် ပျဉ်းမပင်ကျေးရွာအုပ်စု၏ အသေးစားပုဂ္ဂလိကငွေစုငွေချေး အဖွဲ့ကို ဩဂုတ် ၁၈ ရက်က ဥက္ကဋ္ဌဦးနှင်းခိုင်၊ အတွင်းရေးမှူး ဦးလေးနွယ်ပါဝင်သော ဒါရိုက်တာအဖွဲ့ ကိုးဦးဖြင့်ဖွဲ့စည်းခဲ့ပြီး ဩဂုတ် ၂၇ရက်၌ ကျပ်သိန်း ၃၇၀ ကို အသေးစားပုဂ္ဂလိကငွေစုငွေချေးအသင်းဝင် ၆၀ သို့ မတည်ရင်းနှီးငွေများအဖြစ် ထုတ်ပေးခဲ့ကြောင်း သိရှိရသည်။

(၀၁၄)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၅-၉-၂၀၁၁ (တနင်္လာနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ရတနသုတ်
- ၅:၂၀ MRTV-4 သတင်း
- ၅:၅၀ **တရားဦးခမ္မစကြာ** တရားတော် (အပိုင်း-၅) (ဆရာတော် အရှင်ပညာ သီဟာဘိဝံသ)
- ၆:၄၀ ဖူးရောက်စေချင်သည် ဗန္ဓိသေလာ ဆံတော်ရှင်စေတီတော်ကြီးဆီ
- ၆:၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၁၁၇)
- ၇:၃၀ MRTV-4 သတင်း
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း-၅၉)
- ၈:၅၀ Activities in the City (မိုးကုတ်ဝိပဿနာအဖွဲ့ ချုပ်ကြီးတွင် ကျင်းပသော ဝိဇာတမင်္ဂလာနှင့် စုပေါင်းသိင်္ကာထပ် မင်္ဂလာအခမ်းအနား)
- ၉:၀၀ ကြည်နူးပီတိဖြစ်ဖွယ်ရာ ထီးဆောင်းရွာမှ ခမ္မစကြာ
- ၉:၁၀ ဆံကေသာအလှ AQUOS မှ…
- ၉:၂၅ ၁၅ နှစ်အတွင်း ပထမဆုံးအကြိမ် ပုသိမ်ဆိပ်ကမ်းမှ ဖိလစ်ပိုင်နိုင်ငံသို့ ဆန်တင်ပို့မှုအခမ်းအနား
- ၉:၄၅ စာအုပ်ပြခန်း (အဝေးရောက်မင်း ဦးအောင်ကြည်၏ ဘဝထုပ္ပတ္တိ အကျဉ်းနှင့် စာပေ၊ ကဗျာ၊ ဂီတ အလင်္ကာ စာရေးဆရာ မော်ဝန်းကြည်မြတ်)
- ၁၀:၀၀ အထက(၂) ကျောက်ဆည် ကျောင်းသားကျောင်းသူဟောင်း များ၏အာစရိယပူဇော်ပွဲ အခမ်းအနား
- ၁၀:၂၀ ရန်ကုန်မြင်ကွင်းကျယ် (Made in Myanmar-2011 မြန်မာ့ထုတ်ကုန်ပစ္စည်းများပြပွဲ)
- ၁၀:၃၅ The Champion of Dance
- ၁၁:၁၀ Celebrity Choice (မိုးဟေမာန်ခင်)
- ၁၁:၄၀ A Journey to Korea (part-4)
- ၁၁:၅၅ နယည်ဆန်းထွင်ပန်းအလှဆင် (ပန်းခြောက်များဖြင့် အလှဆင်ယင်ခြင်း)
- ၁၂:၁၀ မြတ်နိုးဖွယ်ရာ မြန်မာကဗျာ (သံလွင်ကမ်းမှ ပန်းအိပ်မက်)
- ၁၂:၂၅ ကြည်လင်ဝင်းပ သဘာဝဆေးစွမ်းအလှ
- ၁၂:၄၀ ရှာန်ကြွနေသည့်အလား ရှင်တော်မြတ်အား ပူဇော်ပါ၏ဘုရား
- ၁:၀၀ **တရားဦးခမ္မစကြာ** တရားတော် (အပိုင်း-၅) (ဆရာတော် အရှင်ပညာ သီဟာဘိဝံသ)
- ၂:၀၀ MRTV-4 သတင်း
- ၂:၂၀ ရန်ကုန်မြင်ကွင်းကျယ် (The Opening Ceremony of Vibhavadi Hospital)
- ၂:၅၀ Activities in the City HR Management & Training Journal နှစ်ပတ်လည်အခမ်းအနား
- ၃:၀၅ ဆယ်ကျော်သက်တို့ရဲ့ **ရင်ခုန်သံမေးခွန်းများ** (အပိုင်း-၂)
- ၃:၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၁၁၇)
- ၄:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း-၅၉)
- ၅:၁၀ ကြိုတင်ဆွေးနွေးအားဆီယံ စာရင်းကိုင်များအသင်း ဟောပြောပွဲ
- ၅:၃၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ Sunday Talk (မောင်လူမွေး (မြန်မာမှု) မျိုးမြတ်သူ)
- ၇:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း -၁၁၈)
- ၇:၄၅ ဗီဒီယိုပြခန်း
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ စကားနပန်း ကိုယ့်အားကိုယ်ကိုးတာကောင်းတယ်၊ သူများအားကိုးတာကောင်းတယ်
- ၉:၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း-၆၀)
- ၁၁:၃၀ အနုပညာမိုးကောင်းကင်
- ၁၁:၅၀ အဆိပ်အတောက်ကင်းစင်မြန် ပြည်တစ်ခွင်ဓာတုလျှော့ချသုံးစွဲကြ (စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦး)
- ၁၁:၁၀ International Show Biz
- ၁၁:၃၀ တောင်ငူခေတ်ရဲ့ပုံရိပ်ပန်းချီ တော်ဝင်ကေတုမတီ
- ၁၁:၅၅ ရောင်စုံရသနီယွန်ည
- ၁၂:၂၅ ကလေးများနဲ့ကျန်းမာရေး (ဒေါက်တာခင်စပယ်အေး)
- ၁၂:၃၀ မြင့်မြတ်စိတ်ထား AIKI-KEN အားကစား
- ၁:၀၅ ကိုယ်ပိုင်ဟန်ဖက်ရှင် (လက်ဆောင်ကတ်လေးပေးချင်ရင်)
- ၁:၃၀ ရွှေမင်းသားဖောင်ဒေးရှင်း (မြန်မာ)၏ မသန်စွမ်းသူများအတွက် Barrier Free
- ၂:၀၀ ဆင်လိမ္မာတို့နားခိုရာ မြိုင်ဟေဝန်စခန်းမှာ
- ၂:၂၀ ငြိမ့်ညောင်းသာယာတယောပညာ (တယောဦးတင်ရီ)
- ၂:၄၀ မြန်မာ့ရွှေချည်ထိုးပညာ
- ၂:၅၅ ကဏ္ဍာစုံလင်အားကစားအစီအစဉ်
- ၃:၅၅ **မင်းမသိသေးပါဘူးကွာ** ရော၊ ၄က်ပျော့ကြော်၊ ကြူကြူသင်း၊ အေးအေးခိုင် (ဒါရိုက်တာ-ဆွေဇင်ထိုက်)
- ၄:၀၀ ယွန်းဖြစ်တည်ရာကျောက္ကာရွာ
- ၄:၁၅ ပုညာရာမမိုးကုတ်ဝိပဿနာ ကျောင်းတိုက်၏ တစ်သက်စာ ဝိပဿနာ
- ၄:၄၅ သမိုင်းထဲကမင်းကွန်း လင်းလွန်းသည့်သာသနာ

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ကောက်စိုက်စက်ဖြင့် စိုက်ပျိုးသရုပ်ပြပွဲ အုတ်ဖိုမြို့နယ်၌ ကျင်းပ

အုတ်ဖို စက်တင်ဘာ ၄

သာယာဝတီခရိုင် အုတ်ဖိုမြို့နယ်စက်မှုလယ်ယာဦးစီးဌာန အမှတ်(၁၆) ထွန်စက်စခန်းပိုင်လယ်မြေတွင် သာယာဝတီခရိုင် စက်မှုလယ်ယာဦးစီးဌာန၏ ကောက်စိုက်စက်ဖြင့် စိုက်ပျိုးသရုပ်ပြပွဲကို စက်တင်ဘာ ၁ ရက် နံနက် ၉ နာရီကကျင်းပရာ ခရိုင်စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ဝင်များ၊ အုတ်ဖိုမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တောင်သူများ ကြည့်ရှုလေ့လာကြသည်။

အဆိုပါသရုပ်ပြပွဲတွင် ခရိုင်စက်မှုလယ်ယာဦးစီးဌာနမှူးနှင့်ခရိုင်မန်နေဂျာတို့က ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်း၏ အကျိုးကျေးဇူးများ၊ လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

မြန်မာ့အလင်း စာတည်းထံပေးစာများ

ကျူးကျော်အုတ်တံတိုင်း ဖယ်ရှားပေးပါ

စာတည်းခင်ဗျား-

လားရှိုးမြို့ နမ့်ခိုက် နယ်မြေ(၉) ရပ်ကွက် ၁ ရှိ အကွက်နံပါတ် (၁၃၅၈) ရှေ့မျက်နှာစာ ပေ ၅၀ လမ်းမပေါ်တွင် ၂၅ ပေ ကျူးကျော်ပြီးအုတ်တံတိုင်းများ ကာရံခတ်ထားပါသဖြင့် သွားလာရေး အခက်အခဲရှိခြင်းကြောင့် အဆိုပါတံတိုင်းကို သက်ဆိုင်ရာမှ ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

လားရှိုးသား

ဝက်ခြံမှ အနံ့ဆိုးမခံနိုင်

စာတည်းခင်ဗျား-

ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် အမှတ် (၁၃၃) ရပ်ကွက် ရာမညလမ်းရှိ အိမ်တစ်အိမ်သည် အိမ်နောက်ဘက် စည်ပင်သာယာလမ်းကြားတွင် ဝက်ခြံဆောက်ပြီး ဝက်မွေးမြူထားပါသဖြင့် ၎င်းဝက်ခြံမှထွက်သော အနံ့ဆိုးများကို ပတ်ဝန်းကျင်နေထိုင်သူများ မခံနိုင်ပါသောကြောင့် ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

အနံ့ဆိုးမခံနိုင်သူ

စက်သုံးဆီအရောင်းဆိုင် ဖယ်ရှားပြီးဖြစ်

၁၅-၈-၂၀၁၀ ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **သထုံမြို့နယ် အထက (ကျိုက်ကော်) ကျောင်းရှေ့၌ စက်သုံးဆီပီပါလိုက် ရောင်းချနေခြင်းအား ဖယ်ရှားပေးပါရန်** ကိစ္စနှင့်ပတ်သက်၍ ရှင်းလင်းဆောင်ရွက်ပြီးဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

(မြို့နယ်စည်ပင်သာယာရေးအဖွဲ့)

မှုစ်ချဉ်လုပ်ငန်း ရှင်းလင်းဖယ်ရှားပေးပါ

စာတည်းခင်ဗျား-

ပျဉ်းမနားမြို့ တောင်သာရပ်ကွက် နယ်စပ်စည်ပင်လမ်းရှိ အိမ်တစ်အိမ်သည် မှုစ်ချဉ်လုပ်ငန်းကို နှစ်ပေါင်းကြာမြင့်စွာ အကြီးအကျယ် လုပ်ကိုင်နေသည်မှာ ယနေ့အချိန်ထိဖြစ်ပြီး ယင်းလုပ်ငန်းမှ ထွက်ရှိလာသည့် ရေဆိုး/ရေပုပ်များနှင့် အနံ့ဆိုးများကြောင့် ပတ်ဝန်းကျင်အိမ်များမှ လူများကျန်းမာရေးထိခိုက်ရပါသဖြင့် သက်ဆိုင်ရာမှ ရှင်းလင်းဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

ပျဉ်းမနားသား

မောင်းလျှင် မမူးနှင့် မူးလျှင် မမောင်းနှင့်

ခန္တီစ တော်မင်္ဂလမုတ္တမံ ＝ သည်းခံခြင်းသည် မြတ်သောမင်္ဂလာမည်၏။

ရန်ကုန်-နေပြည်တော်-မန္တလေး အမြန်လမ်းမကြီးတစ်လျှောက် ခရီးသွားပြည်သူများ လမ်းခရီးအတွင်း အဆင်ပြေစွာ ဆက်သွယ်နိုင်ရေး

GSM မိုဘိုင်းဆက်သွယ်ရေးစခန်းများ တည်ဆောက်လျက်ရှိ

ကြည့်ရှုစစ်ဆေး

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်း ရန်ကုန်-နေပြည်တော်-မန္တလေး အမြန်လမ်းမကြီး မိုင်တိုင်အမှတ်(၂၃၅)နှင့် မိုင်တိုင်အမှတ်(၂၅၆) တို့ရှိ တည်ဆောက်ပြီးစီးသွားသော GSM ရေဒီယိုစခန်းနှစ်ခုတွင် နေရောင်ခြည်စွမ်းအားသုံးဓာတ်အားပေးစနစ်ဖြင့် မိုဘိုင်းစက်ပစ္စည်းများ လည်ပတ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နေပြည်တော် စက်တင်ဘာ ၄

ရန်ကုန်-နေပြည်တော်-မန္တလေးအမြန်လမ်းမကြီးတစ်လျှောက်ပေါ်တွင် နေ့စဉ်ဖြတ်သန်းသွားလာနေသော မော်တော်ယာဉ်အရေအတွက် ၂၀၀၀ ခန့်နှင့် ၎င်းမော်တော်ယာဉ်များနှင့်အတူ ခရီးသွားပြည်သူ လေးသောင်းခန့်ရှိရာ အဆိုပါ ခရီးသွားပြည်သူများ လမ်းခရီးအတွင်း သက်ဆိုင်ရာလုပ်ငန်းများကို အဆင်ပြေချောမွေ့စွာ ဆက်သွယ်ဆောင်ရွက်နိုင်စေရန်အတွက် လမ်းမကြီးတစ်လျှောက်၌ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသည် GSM မိုဘိုင်းစခန်းများ တပ်ဆင်တည်ဆောက်ရန် ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ ရန်ကုန်-နေပြည်တော်-မန္တလေးအမြန်လမ်းမတစ်လျှောက် GSM မိုဘိုင်းဆက်သွယ်ရေးစခန်းများ တည်ဆောက်ဆောင်ရွက်နေမှုကို ယနေ့ နံနက်ပိုင်းတွင် *စာမျက်နှာ ၉ ကော်လံ ၁* ■

မမြချောင်းတံတားနှင့် ဆိုလျှင်ဖြင့် ရွှေပြည်တော် မျှော်တိုင်းမဝေးတော့ပါ

မမြချောင်းတံတားက ဒေသခံပြည်သူများအတွက် တန်ဖိုးမဖြတ်နိုင်။

သတင်းဆောင်းပါး
မောင်မောင်ထွေး(သတင်းစဉ်)
ဓာတ်ပုံ
သာညဏ်(သတင်းစဉ်)

နေပြည်တော် စက်တင်ဘာ ၄

မမြချောင်းတံတား၏ ရေအလျဉ်ကား တသွင်သွင်စီးဆင်းနေ၏။ ဝသန်ခါမီ ဤရာသီ၌ ရေစီးသန်လှ၏။ နွဲ့ယဉ်ဝင်း၊ ခင်မာအေးနှင့် ချိုမာတို့ သူငယ်ချင်းတစ်သိုက် စက်ဘီးကိုယ်စီဖြင့် ထူးကြီးကျေးရွာသို့ ဈေးဝယ်ထွက်လာကြသည်။ သူတို့သည် ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် အင်းသနုပ်ကုန်းကျေးရွာ၌ နေထိုင်ကြသူများ ဖြစ်ကြ၏။

အသစ်စက်စက် မမြချောင်းကူးတံတားဆီသို့ အရောက်တွင် တံတားအသစ်ကြီး၏ဘေး၌ အတူယှဉ်လျက်ရှိသေးသည့် ခနော်နီ ခနော်နဲ့သစ်သားတံတားအိုပျက်ကြီးကို ငေးမောကြည့်ရင်း *စာမျက်နှာ ၉ ကော်လံ ၁* ◆



မီတာ ၅၀၀၀ပြေးပွဲ ဖာရပ်ခ်ျအနိုင်ရဗိုလ်စွဲ

ဒေဂူ စက်တင်ဘာ ၄

တောင်ကိုရီးယားနိုင်ငံ ဒေဂူမြို့၌ ကျင်းပလျက်ရှိသည့် ကမ္ဘာ့ပြေးခုန်ပစ် အားကစားပြိုင်ပွဲတွင် ဗြိတိသျှအပြေးသမား မိုဟာမက် ဖာရပ်ခ်ျသည် အမျိုးသား မီတာ ၅၀၀၀ ပြေးပွဲ၌ ရွှေတံဆိပ်ဆု ဆွတ်ခူးရရှိသွားသည်။ **(ဓါတ်ပုံ)**

မိုဟာမက်ဖာရပ်ခ်ျသည် အဆိုပါ မီတာ ၅၀၀၀ပြေးပွဲတွင် စံချိန် ၁၃မိနစ်၊ ၂၃ ဒသမ ၃၆ စက္ကန့်ဖြင့် ပန်းဝင်ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။ အမေရိကန်မှ ဘားနပ်လာဂတ်က စံချိန် ၁၃မိနစ်၊ ၂၃ ဒသမ ၆၄ စက္ကန့်ဖြင့် ဒုတိယငွေတံဆိပ်ဆု ဆွတ်ခူးနိုင်ခဲ့သည်။ အီသီယိုးပီးယားအပြေးသမား ဒေဂျန်ဂျီဘာရီမီစကဲက စံချိန် ၁၃မိနစ်၊ ၂၃ ဒသမ ၉၂ စက္ကန့်ဖြင့် တတိယဆု ဆွတ်ခူးနိုင်ခဲ့သည်။

မီတာ ၅၀၀၀ ပြိုင်ပွဲတွင် ဗိုလ်စွဲသွားခဲ့သော ဖာရပ်ခ်ျသည် မီတာ ၁၀၀၀၀ ပြိုင်ပွဲတွင်လည်း ငွေတံဆိပ်ဆု ဆွတ်ခူးနိုင်ခဲ့သူဖြစ်သည်။ အမျိုးသား သုံးဆင့်ခုန်ပြိုင်ပွဲတွင် ဗြိတိသျှမှ လက်ရှိချန်ပီယံဖီးလစ်အိုင်ဒိုးယူသည် ငွေတံဆိပ်ဆုသာဆွတ်ခူးနိုင်ခဲ့သည်။ အမေရိကန်မှ ခရစ္စတီယန်တေလာက သုံးဆင့်ခုန်ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆု ဆွတ်ခူးသွားခဲ့သည်။ *စာမျက်နှာ ၁၁ ကော်လံ ၁* ▲

နိုင်ငံတကာအားကစားမြင်ကွင်း

မိုးရွာသွန်းမှုများ

၄-၉-၂၀၁၁

မုဒုံမြို့
၅ ဒသမ ၁၂ လက်မ
ကျိုက်မရောမြို့
၄ ဒသမ ၁၃ လက်မ
ကျိုက္ခမီမြို့
၃ ဒသမ ၅၄ လက်မ
ချောင်းဆုံမြို့
၂ ဒသမ ၇၆ လက်မ